International Center for Transitional Justice

MYANMAR

# မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းခြင်းတွင် တရားမျှတမှု ဖေါ်ဆောင်နိုင်မည့် လမ်းကြောင်းများ ရှာဖွေခြင်း

June 2014



ICTJ Justice Truth Dignity

**မျက်နှာဖုံးဓါတ်ပုံ** – မန္တလေး၊ ၂၀၁၂ ခုနှစ်။ ၈၈၈၈ လူထုအရေးတော်ပုံ အောက်မေ့ဖွယ်အခမ်းအနားမှ ရွှံ့အိုးနှင့် အနီရောင်ဖဲစ။ ပတ်ထရစ်ပီရာ့စ်၊ ICTJ

**MYANMAR**

# မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းခြင်းတွင် တရားမျှတမှု ဖေါ်ဆောင်နိုင်မည့် လမ်းကြောင်းများ ရှာဖွေခြင်း

June 2014

## ကျေးဇူးတင်စကား

အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု နိုင်ငံတကာအဖွဲ့ကြီးအနေနှင့် ဘယ်လ်ဂျီယံလူထုဆက်ဆံရေး နိုင်ငံခြားရေးဌာနမှ ငြိမ်းချမ်းရေးတည်ဆောက်ရေးယူနစ်အား ယခုပရောဂျက်အတွက် ကူညီထောက်ပံ့ခြင်း အပေါ် အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါသည်။ ယခုအစီရင်ခံစာအား Caitlin Reiger က ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော သုတေသနအပေါ် အခြေခံပြီး Aileen Thomson ၏ အကူအညီနှင့် Patrick Pierce က အဆုံးသတ်ရေးသားခဲ့ခြင်းဖြစ်သည်။

## စာရေးသူများအကြောင်း

**Patrick Pierce** သည် အိုင်စီတီဂျေ၏ မြန်မာနိုင်ငံဆိုင်ရာရုံးခေါင်းဆောင်ဖြစ်သည်။ သူသည်မြန်မာနိုင်ငံ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ကျွမ်းကျင်သူဖြစ်ပြီး အထူးသဖြင့် ကျူးလွန်ခံရသူများနှင့် သက်သေများအား တွေ့ဆုံမေးမြန်းခြင်း၊ လူ့အခွင့်အရေးအချက်အလက်များ သိမ်းခြင်း၊ လူ့အခွင့်အရေး အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းတို့အား အထူးအလေးပြု ဆောင်ရွက်သူဖြစ်သည်။ သူသည် ၂၀၀၉ ခုနှစ် နှစ်ဦးပိုင်းတွင် အိုင်စီတီဂျေ၏ ဆော်လမွန်ကျွန်းများလုပ်ငန်းစဉ်အား တည်ထောင်ရန်ပါဝင်ဆောင်ရွက်ခဲ့ပြီး ၎င်းကျွန်းနိုင်ငံ၏ အမှန်တရားနှင့်ပြန်လည်သင့်မြတ်ရေးကော်မရှင်အတွက် နည်းပညာအကူအညီများဆောင်ရွက်ခဲ့သည်။

**Caitlin Reiger** သည် ဩစတြေးလျှရှေ့နေတဦးဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနား၊ ကမ္ဘောဒီးယား၊ ကိုလံဘီယာ၊ ကိုဆိုဗို၊ လက်ဘနွန်၊ မက္ကဆီကို၊ မြန်မာ၊ ဆားဗီးယား၊ ဆီရီယာလီယွန်၊ ထိုင်းနှင့် တီမောလက်စ်တီနိုင်ငံများ၏ ပဋိပက္ခလွန်ကာလနှင့် အသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် အဆင့်မြင့် အရည်အသွေးမြင့်တင်ခြင်း၊ နည်းပညာအကူအညီနှင့် မူဝါဒပိုင်းဆိုင်ရာ အကြံပြုခြင်းများတွင် ကျယ်ပြန့်သော အတွေ့အကြုံရှိသူဖြစ်သည်။ မကြာသေးခင်က ကုလသမဂ္ဂအမျိုးသမီးအစီအစဉ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် ကမ္ဘောဒီးယားနိုင်ငံတရားရုံးများ၏ အထူးအဆင့်မြင့်တရားသူကြီးများအဖွဲ့များတွင် အကြီးတန်း အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ICTJ အကြောင်း

ICTJ သည် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်းများစွာ ရင်ဆိုင်နေရသော လူ့အဖွဲ့အစည်းများအတွက် တာဝန်ခံမှု၊ အမှန်တရား ဖော်ထုတ်မှု၊ လျော်ကြေးပေးမှုနှင့် အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှု တည်ဆောက်ခြင်းအတွက် ကူညီပေးသည်။ ကျူးလွန်ခံရသူများ၏ အခွင့်အရေးအား ရှေ့တန်းမှ ကာကွယ်ပေးခြင်းနှင့် ကျားမအခြေခံ တရားမျှတမှုကိုမြှင့်တင်ပေးခြင်းများလုပ်ဆောင်နေသော ကျွန်ုပ်တို့သည် နည်းပညာ အကြံဉာဏ်၊ မူဝါဒသုံးသပ်ချက်နှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနည်းလမ်းများဆိုင်ရာ နှိုင်းယှဉ် သုတေသနပြုမှုများ အတွက် ကူညီပေးသည်။ ရာဇဝတ်မှုတရားစွဲဆိုမှုများ၊ လျော်ကြေးပေးခြင်း အားထုတ်ချက်များ၊ အမှန်တရားနှင့် အမှတ်တရဖော်ထုတ်ခြင်းများ၊ အင်စတီကျူးရှင်းပြုပြင်ခြင်းလုပ်ငန်းများတွင်လည်း ကူညီပေးသည်။ ပိုမိုသိရှိလိုပါက www.ictj.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

© 2014 International Center for Transitional Justice. All rights reserved. No part of this publication may be reproduced, stored in a retrieval system or transmitted in any form or by any means, electronic, mechanical, photocopying, recording or otherwise, without full attribution.

## မာတိကာ

၁။ နိဒါန်း ........ ၁

၂။ မချောမွေ့သော အသွင်ကူးပြောင်းမှု ........ ၃

၃။ မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှု - နောက်ခံသမိုင်းကြောင်း ........ ၅

၄။ အသွင်ကူးပြောင်းမှုဆိုင်ရာတရားမျှတမှု - နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာသုံး ဩဇာကြီးမားသည့်စကားလုံးများနှင့် လက်တွေ့အခြေအနေကို ချိန်ထိုးကြည့်ခြင်း ........ ၇
- တရားရေးကဏ္ဍပြုပြင်ပြောင်းလဲမှု ........ ၉
- လုံခြုံရေး/ ဖွံ့ဖြိုးတိုးတက်ရေးဆက်သွယ်မှု ........ ၁၀
- စီးပွားရေးပြုပြင်ပြောင်းလဲမှု ........ ၁၁
- ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ........ ၁၃

၅။ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအတွက် မြည်းစမ်းကြည့်ခြင်း ........ ၁၆

၆။ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းကို ထည့်သွင်းပေါင်းစပ်ခြင်း ........ ၁၉
- အချက်အလက်စုဆောင်းခြင်း/ သုတေသနပြုခြင်း ........ ၁၉
- အင်စတီကျူးရှင်းစွမ်းရည်တည်ဆောက်ခြင်း ........ ၂၁
- ပြောင်းလဲလိုစိတ် စေ့ဆော်ချက် ........ ၂၂
- တစစ တုန့်ပြန်ပြောင်းလဲမှုများအတွက် နေရာချန်ထားခြင်း ........ ၂၃

၇။ နိဂုံးချုပ်ချက်များ ........ ၂၅

အကြံပြုချက်များ ........ ၂၇

## ACRONYMS

| | |
|---|---|
| ABSDF | All Burma Students' Democratic Front |
| ASEAN | Association of Southeast Asian Nations |
| CNF | Chin National Front |
| DFAT | Department of Foreign Affairs and Trade (Australia) |
| DfID | Department for International Development (UK) |
| MPC | Myanmar Peace Center |
| NCCT | Nationwide Ceasefire Coordination Team |
| NLD | National League for Democracy |
| USAID | United States Agency for International Development |
| UNDP | United Nations Development Programme |
| UNOCAL | Union Oil Company of California |

# ၁။ နိဒါန်း

သမ္မတဦးသိန်းစိန်နှင့် ၎င်း၏ အစိုးရအဖွဲ့သည် ၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ယူခဲ့သည့် အချိန်မှစ၍ မြန်မာ့ပြုပြင်ပြောင်းလဲရေးသည် လူအများအံ့အားသင့်စေလောက်သည့်အထိ ပွင့်လင်းလာခဲ့သည်။ အနောက်နိုင်ငံအစိုးရများ၊ ဘဏ္ဍာရေးအင်စတီကျူးရှင်းများ၊ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြုပ်နှံမှု စောင့်ကြည့် အကဲခတ်လေ့လာသူများ၏ ချီးကျူးထောပနာပြုမှုကိုပါ တဆက်တည်း ရရှိခဲ့သည်။[1] ခန့်မှန်းချေ မြန်မာပြည်သူ သန်း ၆၀ သည် စစ်အာဏာရှင်စနစ်၊ လက်နက်ကိုင်ပဋိပက္ခ၊ ကသောင်းကနင်းစီးပွားရေးနှင့် နိုင်ငံရေးဖိနှိပ်မှု အောက်တွင် ရာစုနှစ် ထက်ဝက်ကျော် ခံစားခဲ့ရသည်။[2] ဒီမိုကရေစီကျကျ စီးပွားရေးဖွံ့ဖြိုးမှု၊ လုပ်ငန်းများ ပေါ်ထွန်းနိုင်သည့် ငြိမ်းချမ်းရေးလူမှုအဖွဲ့အစည်းတခုစီသို့ အဓိပ္ပါယ်ရှိရှိ ကူးပြောင်းရေးကို တိတိကျကျ ဖြစ်ရမည်ဟု အာမခံချက်မပေးနိုင်သော်လည်း ဖြစ်နိုင်ချေ လမ်းစများတွေ့နေရသည်။ ယခင် စစ်အစိုးရမှ တာဝန်ယူ ဆောင်ရွက်ခဲ့မှုများအတွက် တာဝန်ခံမှုတစုံတရာပေးစရာမလိုအောင် ၂၀၀၈ ဖွဲ့စည်းပုံ က အကြွင်းမဲ့ ဥပဒေကင်းလွတ်ခွင့်နှင့် အကာအကွယ်ပေးထားသည်။[3] ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အတိတ်ကာလ အလွန်ကြီးမားပြီး၊ စနစ်တကျကျူးလွန်ခဲ့သော မတရားမှုများကို ဖြေရှင်းပေးမည့် လုပ်ငန်းစဉ် တဖြည်းဖြည်းထည့်သွင်း မသွင်းဆိုတာ မရေမရာ ဖြစ်နေသေးသည်။

ယခုအစီရင်ခံစာတွင် လက်ရှိဖြစ်စေသော အခွင့်အလမ်းတချို့ကို ဆန်းစစ်လေ့လာထားသည်။ ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ မဟာဗျူဟာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ တင်ပြတောင်းဆိုမှုများနှင့် နိုင်ငံတကာမှ အထောက်အကူပြုမှုများတွင် တရားမျှတမှုကိစ္စရပ်များနှင့်ပတ်သက်၍ မည်မျှ အရေးတယူဖော်ထားခြင်း ရှိမရှိကိုပါ လေ့လာသုံးသပ်ထားသည်။ ထို့နောက် ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ပါဝင်သူများဆောင်ရွက်နေသူများ၏ အစီအစဉ်များ၊ ဦးစားပေးဆောင်ရွက်မှုများကို အစီရင်ခံစာသုံးသပ်ထားပြီး၊ ၎င်းကိစ္စရပ်များကို သက်သေခံအထောက်အထားကို အခြေခံသော၊ လက်တွေ့ကျသော၊ အောက်ခြေလူထုပါဝင်မှုနည်းလမ်းနှင့် မည်သို့ အတူတကွဆောင်ရွက်နိုင်ကြောင်းကိုပါ သုံးသပ်တင်ပြထားသည်။[4] တချို့သူများက အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ကိစ္စရပ်ကို အနှောင့်အယှက်တခုသဖွယ်မြင်ကြသည်။ အဘယ်ကြောင့်ဆိုသော်  အတိတ်ကာလ ချိုးဖောက်မှုများကို ကျူးလွန်ခဲ့သူများသည် ယနေ့အချိန်အထိ နိုင်ငံရေးနှင့် စစ်ရေးတွင် အာဏာရှိနေဆဲဖြစ်သောကြောင့် တုန့်ပြန်

1 ကမ္ဘာ့ဘဏ်က လမ်းသုံးသွယ်အပြောင်းအလဲဖြစ်နေသည်ဟု ဖော်ပြသည်။ ၎င်းတို့မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး (တိုင်းရင်းသားနှင့် ဗမာတိုင်းရင်းသားအများစုအကြား နှစ်ကာလရှည်ဖြစ်နေသော ပဋိပက္ခများကို ဖြေရှင်းခြင်းအပါအဝင်) တို့ဖြစ်သည်ဟုဆိုသည်။ International Development Association and International Finance Corporation ၏ ဘဏ္ဍာရေးနှစ် ၂၀၁၃ – ၂၀၁၄ နှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ကြားဖြတ်မဟာဗျူဟာထုတ်နှုတ်ချက်၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၃၀။

2 စစ်အုပ်ချုပ်ရေးခေတ်ကာလတလျှောက် တရားဝင်ကိန်းဂဏန်းစာရင်းများမှာ ယုံကြည်စိတ်ချဖွယ်ရာမရှိပေ။ ၂၀၁၄ ခုနှစ်မတ်လနှင့်ဧပြီလများတွင် ပြုလုပ်သော နိုင်ငံလုံးဆိုင်ရာ သန်းခေါင်စာရင်းအသစ်ကောက်ယူမှုရလဒ်များကို ၂၀၁၅ ခုနှစ်အတွင်း အစိုးရက အဆင့်ဆင့်ထုတ်ပြန်သွားဖွယ် ရှိသည်။

3 ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များကို လည်းကောင်း၊ ထိုနှစ်ဖွဲ့၏ ဆောင်ရွက်ချက်များ၊ တာဝန်နှင့်ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့၊ သို့မဟုတ် အဖွဲ့ဝင်တဦးဦး၊ သို့မဟုတ် အစိုးရအဖွဲ့ဝင်တဦးဦးရဲ့ တာဝန်အရဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျှက် ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ'' ဟု ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၅ တွင် ဖော်ပြထားသည်။

4 ယခုသုံးသပ်ချက်သည် ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းများအတွင် အဓိက ပါဝင်ဆောင်ရွက်နေသူများ၏ မဟာဗျူဟာစာတမ်းများကို အဓိကလေ့လာသုံးသပ်ခဲ့သည့်အပြင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ မေလအထိ တကြိမ်၊ ၂၀၁၄ ခုနှစ် နှစ်စောပိုင်းတွင် တကြိမ် ရန်ကုန်အခြေစိုက် မြန်မာနိုင်ငံသားနှင့် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများနှင့် ဆွေးနွေးမှုများမှ ရရှိခဲ့ခြင်းဖြစ်သည်။လက်တွေ့အခြေအနေတွင် ဖြစ်ထွန်းပြောင်းလဲမှုများသည် နေ့တစူဝ ဖြစ်နေသောကြောင့်  ယခုသုံးသပ်ချက်သည် ပြီးပြည့်စုံသောရုပ်လုံးကားချပ်မဟုတ်သည့်တိုင်  မြန်မာ့အနာဂါတ်အရေး ထိစပ်ဆောင်ရွက်သူ မူဝါဒရေးဆွဲသူများအတွက် နောက်ထပ်သုတေသနပြုမှုများ၊ ဆွေးနွေးမှုများ ရှိလာစေရန်အတွက်သာ ရည်ရွယ်ပါသည်။

သက်ရောက်မှုများ ရှိလာနိုင်သောကြောင့်ဖြစ်သည်ဟုဆိုသည်။[5] ယခုအစီရင်ခံစာအနေနှင့် ဆန့်ကျင်ဖက် အမြင်တခုကို တင်ပြထားသည်။ ၎င်းအမြင်မှာ အတိတ်ကာလကို ကိုင်တွယ်ဖြေရှင်းခြင်းသည် မှန်ကန်သော ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ အရှည်သဖြင့်တည်တန့်မည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် လုပ်ငန်းတခုဖြစ်သည်ဟု ဖြစ်သည်။ ဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအား လက်တွေ့လုပ်ငန်းများတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ဖော်ထုတ်ရေးလုပ် ငန်းများအား မည်သို့ပူးပေါင်းပေးနိုင်သည်ကို အစီရင်ခံစာတွင် အကြံပြုတင်ပြထားသည်။

5 မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂဌာနေအလုပ်အဖွဲ့အတွက် ၂၀၁၃ ခုနှစ် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာသတိပြုချက်များ လေ့လာသုံးသပ်ချက်တွင် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုကိစ္စအား ပဋိပက္ခဖြစ်နိုင်စရာအရာတခုအဖြစ် သတ်မှတ်ထားပြီး အလယ်အလတ်အဆင့် အန္တရာယ်ရှိမှုအဆင့် သတ်မှတ်ထားသည်။

## ၂။ မချောမွေ့သော အသွင်ကူးပြောင်းမှု

ရန်ကုန်မြို့အခြေစိုက် လူထုအခြေပြုအဖွဲ့အစည်းများသည် နှစ်ကာလရှည်ကြာစွာ ပိတ်ပင်ထားခံရသည့် အကြောင်းအရာများ၊လုပ်ငန်းများကို ဆွေးနွေးနိုင်၊ ဆောင်ရွက်နိုင်သော ထူးထူးကဲကဲ လွတ်လပ်ခွင့်ကို ရနေကြသည်။ မကြာသေးမီ အချိန်အထိပင် အစိုးရတာဝန်ရှိသူများက လက်နက်ကိုင်ပဋိပက္ခ၊ ဆင်းရဲမွဲတေမှုနှင့် နိုင်ငံရေးအကျဉ်းကျထောင်ချမှု မရှိကြောင်း တရားဝင်ငြင်းဆိုနေဆဲဖြစ်သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရ အသိအမှတ်ပြု ကြားဝင်ဆောင်ရွက်သူများက အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပထမဦးဆုံးအကြိမ်တွေ့ဆုံခဲ့သည်။ တနှစ်ကြာသောအခါ လက်နက်ကိုင်အဖွဲ့အစည်းများ က တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (NCCT) ကိုဖွဲ့စည်းခဲ့သည်။ သီးခြားလွတ်လပ်သော အပစ်ရပ်စောင့်ကြည့်လေ့လာသူများ ထားရှိရေး၊ အခြေခံဥပဒေပြုပြင်ပြောင်းမှုပုံစံတချို့စသဖြင့် ၎င်းတို့၏ တွေ့ဆုံဆွေးနွေးရေးအချက်များသည် ဆက်လက်ဆွေးနွေးနေဆဲဖြစ်သည်။ ၂၀၁၄ ခုနှစ် ဧပြီလတွင် NCCT နှင့်အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတို့သည် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ပါ ပထမ အခန်း (၇) ခန်းကို သဘောတူခဲ့သည်။[6] နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာပြီးနောက် သမ္မတက လက်ကျန်အကျဉ်းသားများအဆင့်အတန်းကို ပြန်လည်သုံးသပ်ရန် အဆင့်မြင့်ကော်မတီတရပ်ဖွဲ့စည်းပေးခဲ့သည်။ ထိုသို့ အားထုတ်ဆောင်ရွက်ချက်များအပေါ် သတိထားတုန့်ပြန်မှုများ ရှိသော်လည်း ကျူးလွန်ခံအုပ်စုများနှင့် နိုင်ငံရေးပါတီများက ၎င်းကော်မတီတွင် ပါဝင်ခဲ့သည်။ ၂၀၁၃ ခုနှစ် အကုန်တွင် နိုင်ငံရေးအကျဉ်းသားအများစု လွတ်မြောက်သွားခဲ့ပြီး၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ အချက်အလက်များအရ ပူးတွဲသုံးသပ်ရေးကော်မတီသည် အကျဉ်းကျခံနေရဆဲ လူ ၃၀ ခန့်နှင့် ဆက်လက်တွေ့ဆုံနေဆဲဖြစ်သည်ဟု သိရသည်။[7]

မြန်မာနိုင်ငံ၏အတိုက်အခံနိုင်ငံရေးပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် သူ့ကို ထောင်ချခဲ့သူ စစ်ခေါင်းဆောင်ဟောင်းများအကြား ပူးပေါင်းဆောင်ရွက်မှုသည် လူအများ စိတ်ဝင်စားဆုံးအရာဖြစ်နေသည်။ သို့သော် မှန်ကန်သော ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ မယုံကြည်မှု၊ အဆိုးမြင်မှုများက တချို့နေရာတွင် မြင့်မြင့်မားမားရှိနေဆဲဖြစ်သည်။ အထူးသဖြင့် အသစ်တဖန် တိုက်ပွဲများ ပြန်ဖြစ်ခဲ့သည် ကချင်ပြည်နယ်နှင့် စစ်တပ်ချိုးဖောက်မှုများကို မီးမောင်းထိုးပြနေသည့် စည်းရုံးလှုံ့ဆော်မှု အဖွဲ့အစည်းများအကြားတွင်ဖြစ်သည်။ တိုက်ပွဲများရပ်သွားသော တိုင်းရင်းသားဒေသအချို့တွင် ငြိမ်းချမ်းရေးလုပ်ငန်းများကြောင့် အကြီးစားစီးပွားရေးလုပ်ငန်းများအတွက် မြေယာသိမ်းမှုများကို မည်သို့ အားပေးအားမြှောက်ပြုနေသည်ကို လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူများက ထောက်ပြနေသည်။ ၎င်းစီးပွားရေးလုပ်ငန်းများသည် ဒေသခံပြည်သူများ၏ ဘဝနေထိုင်မှုကို မဖြစ်စလောက်သာ အထောက်အကူပြုသည်။[8] အပစ်ရပ်စာချုပ်ပေါင်းများစွာ ရေးထိုးထားခြင်း၊ NCCT ဖွဲ့စည်းထားခြင်းနှင့် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ ထောက်ခံမှုများ ပိုမိုများပြားလာခြင်းကြောင့် လက်ရှိငြိမ်းချမ်းရေး စကားပွဲဆောင်ရွက်မှုများသည် အစိုးရနှင့် လက်နက်

6 NCCT နှင့် အစိုးရအကြား တွေ့ဆုံဆွေးနွေးခြင်းသည် နှစ်ဖွဲ့ချင်းသာ စကားပြောမည်ဟူသော ယခင်မဟာဗျူဟာများ လမ်းခွဲထွက်ခြင်း၏ သင်္ကေတဖြစ်ခဲ့သည်။

7 ၎င်းအရေအတွက်တွင် နိုင်ငံရေးကြောင့်နှင့် တိုင်းရင်းသားလက္ခဏာသတ်မှတ်ချက်ကြောင့် ခွဲခြားဆက်ဆံခံ၊ အကျဉ်းကျခံနေရသော တိုင်းရင်းသားရိုဟင်ဂျာ ရာပေါင်းများစွာမပါဝင်ပေ။

8 ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)။ “မြေဆုံးရှုံးခြင်း၊ မြန်မာပြည်အရှေ့ဖက်ခြမ်း မြေယာသိမ်းဆည်းမှုများနှင့် စုပေါင်းဆောင်ရွက်မှု၊” မတ်လ ၅၊ ၂၀၁၃ ခုနှစ်။

ကိုင် အဖွဲ့အစည်းများ (အဓိကအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အများစုပါဝင်သည်။) အကြား ပဋိပက္ခကို ဖြေရှင်းပေးနိုင်မည့် အကောင်းအဆုံးအခွင့်အလမ်းတခုအဖြစ် မျှော်မှန်းနေကြသည်။

လတ်တလောဖြစ်ပေါ်နေသော ပြဿနာပေါင်းစုံကလည်း မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုကို ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ တွန်းတင်ရာတွင် အနှောင့်အယှက်ဖြစ်နေသည်။ ၎င်းပြဿနာများတွင် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲပြီးနောက် တဖန်ပြန်ဖြစ်လာသော ကချင်ဒေသတိုက်ပွဲများ၊ ဆောက်လုပ်ရေးလုပ်ငန်းကြီးများနှင့် တခြားသော စီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်းကြီးများ (စစ်အစိုးရနှင့် နီးစပ်သောလက်ဝေခံစီးပွားရေး သမားတချို့ ဦးဆောင်လေ့ရှိသည်။) အတွက် လက်ရဲဇက်ရဲ မြေယာသိမ်းမှုများအပေါ် လူထု၏ ကန့်ကွက်ဆန္ဒဖေါ်ထုတ်ခြင်း ရှိသော်လည်း အစိုးရတာဝန်ရှိသူများက တုန့်ပြန်ဆောင်ရွက်ရန် အားနည်းနေခြင်း၊ ပို၍ဆိုးလာသော မွတ်ဆလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ၊ အစွန်းရောက်ဗုဒ္ဓဘာသာဝင်များ၏ အကြမ်းဖက်များသည် ရခိုင်ပြည်မှတဆင့် မြန်မာပြည်အလယ်ပိုင်းမက နေရာအနှံ့အပြားသို့ ပြန့်နှံ့လာသော်လည်း အာဏာပိုင်များက အနိမ့်ဆုံးအဆင့်အတွက်ပင် ကာကွယ်ရန်၊ ထိန်းသိမ်းရန် ပျက်ကွက်ခြင်း စသည်တို့ဖြစ်သည်။ ယင်းပြဿနာများသည် အာဏာရှင်စနစ်နှင့် တိုင်းပြည်၏ ကိုးကွယ်မှုဘာသာတရား၊ တိုင်းရင်းသားလက္ခဏာ မတူကွဲပြားမှုများ၏ ရလဒ်ကြောင့် မလွဲမသွေကြုံတွေ့ရသည့် အခြေအနေများ ဖြစ်သည်ဟု အာဏာပိုင် တချို့က ပြောဆိုကြသော်လည်း ယခင်အတိတ်ကာလ ဆိုးကျိုးများ၏ နောက်ဆက်တွဲအဖြစ် နားလည်ပါက ပိုမှန်သည်။[9] ကချင်ပြည်နယ် ပဋိပက္ခဖြစ်ပွားနေသော ဒေသများအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မြေယာသိမ်းဆည်းမှု အငြင်းပွားမှုများနှင့် မွတ်ဆလင်ဆန့်ကျင်ရေးအကြမ်းဖက်များအတွင်း စေ့ဆော်ဆောင်ရွက်နေသူများသည် ယခင်စစ်အစိုးရနှင့် အဆက်အသွယ်ရှိပြီး ဥပဒေအရကင်းလွတ်ခွင့်ကိုပါ အတိုင်းအတာတခုအထိ ရရှိ ဆောင်ရွက်နေသူများ ဖြစ်ပုံရသည်။ ၎င်း "ပြဿနာများကို ဖန်တီးနေသူများ" နှင့်ပတ်သက်၍ ဖစ်မြစ်ကို ဖြေရှင်းဖို့အတွက် အတိတ်ကာလကို အသိအမှတ်ပြုခြင်း လိုအပ်သည်။ ထိုသို့ အသိအမှတ်ပြုခြင်းတွင် တာဝန်ခံမှုနှင့် ပြုပြင်ပြောင်းလဲမှုများပါ ပါဝင်ရမည်။

ထိုသို့စိန်ခေါ်ချက်များ ရှိနေသည့်တိုင် သမ္မတဦးသိန်းစိန်အစိုးရသည် ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အုပ်ချုပ်ခဲ့သော ယခင် နဝတ၊ နအဖ အစိုးရများနှင့် လုံးဝမတူကွဲပြားစွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ မတူကွဲပြားကြောင်းပြဖို့သည် ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင် အာဏာရပါတီ၏ ဂုဏ်သိက္ခာကို ထုတ်ဖေါ်နိုင်ရန် မရှိမဖြစ် အလုပ်ဖြစ်သည်။ စိတ်အားတက်ဖွယ်အခြေအနေများ၊ မပြည့်စုံသော ရလဒ်များ ဖြစ်ပေါ်နေသည့်တိုင် အစိုးရနှင့် လက်တဆုပ်စာလူတန်းစားများအတွက် တာဝန်ခံမှုရှိလာနိုင်သည့်အခြေအနေမှာ ပေါ်ထွက်လာနေသည်။ သာဓကအားဖြင့် မြေယာသိမ်းဆည်းမှုအတွက် တရားဝင်စုံစမ်းစစ်ဆေးမှုများ၊ ပြည်သူ့လွှတ်တော် တိုင်ကြားရေး ကော်မတီများ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် အစိုးရချစားမှုစွတ်ဆွဲချက်များနှင့် ဆန္ဒပြသူများအပေါ် ရဲတပ်ဖွဲ့၏ ချိုးဖောက်မှု စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လူသိရှင်ကြား နိုင်ငံရေးခေါင်းဆောင်များ ပါဝင်ဆောင်ရွက်ခြင်း စသဖြင့် ပါဝင်သည်။[10] တာဝန်ခံမှုရှိရန် လူထု၏ လူသိရှင်ကြားတောင်းဆိုမှုများအတွက် ကြည်ကြည်သာသာလက်ခံမှုရှိလိမ့်မည်ဟုတော့ အာမခံနိုင်ခြင်း အလျဉ်းမရှိပါ။ လက်ပန်းတောင်းကြေးနီမိုင်းဆန္ဒပြမှု ဖြိုခွဲခံရမှုအတွက် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သော ကော်မတီ၏ တွေ့ရှိချက်များကို ရန်လိုတကြီးလက်တုန့်ပြန်မှုများတွင် မြင်တွေ့နိုင်သည်။ သို့သော် ယမန်နေ့က မထိရ မတို့ရဖြစ်နေသော အခြေခံဥပဒေကို လွှတ်တော်က ပြန်လည်သုံးသပ်လိုသည့် သဘောဆန္ဒထုတ်ဖေါ်ပြလိုက်ခြင်းကြောင့် မမျှော်လင့်နိုင်သော နည်းလမ်းများနှင့်လည်း အပြောင်းအလဲများ ရှိလာနိုင်သည်။

---

9 တဦးပေါ်တဦးအမုန်းစကားများ အပြန်အလှန်ပြောနေခြင်းသည် သတင်းလွတ်လပ်ခွင့်၏ ထုတ်ကုန်တခုဖြစ်သည်။ ထို့အပြင် စစ်အုပ်ချုပ်ရေးကြောင့်လည်း ဘာသာရေးအရပဋိပက္ခဖြစ်ပွားစေရန် အစပျိုးမှုဖြစ်ခဲ့သည်ဟု သမ္မတဦးသိန်းစိန်၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ် ပြောဆိုမှုကို AFP က ကိုးကားဖေါ်ပြခဲ့သည်။ (AFP "မြန်မာ့ဒီမိုကရေစီလမ်းကြောင်းပေါ်မှ မလွှဲရှောင်နိုင်သော ကသောင်းကနင်းဖြစ်မှုများ" ဧပြီ ၅ ၂၀၁၃။ ဘော်လ်ကန်ဒေသပဋိပက္ခဖြစ်ပွားမှုသည် ပေါက်ကွဲလုဆဲ မျိုးဆက်လိုက် သယ်ဆောင်လာသော လူမှုအသိုင်းအဝန်းများအကြားအမုန်းပွားမှု၏ ရှောင်လွှဲမရသော ရလဒ်တခုဖြစ်သော်လည်း လူမျိုးပြုန်း သတ်ဖြတ်မှုဆိုသည်မှာ လုံခြုံရေးတပ်ဖွဲ့များမှ စနစ်တကျလေ့ကျင့်ထားသော စစ်အရံတပ်များ၏ လုပ်ဆောင်ချက်ဖြစ်သည်ဟု Blazevic ရှင်းပြသည်။ သူတို့တွေရဲ့ တာဝန်က အမြဲတမ်းတပ်ဖွဲ့တွေ၊ အရာရှိတွေနဲ့ သူတို့ရဲ့နိုင်ငံရေးဆရာသမားတွေနဲ့ တိုက်ရိုက်ဆက်စပ်မှုမရှိကြောင်းပြပြီး အဲဒီလိုအောက်တန်းကျတဲ့အလုပ်တွေ လုပ်ရခြင်းဖြစ်တယ်။"

10 ဥပမာအားဖြင့် "မြေယာသိမ်းဆည်းမှုအမြောက်အများတွင် စစ်တပ်ပါဝင်နေခြင်း။ လွှတ်တော်အစီရင်ခံစာ။" ကြည့်ပါ။ ဧရာဝတီ၊ မတ်လ ၅ ၂၀၁၃။ "ယခင်စစ်အစိုးရကျူးလွန်ခဲ့သော ရာဇဝတ်မှုများအား မျက်ကွယ်ပြုမည်မဟုတ်။ ဟု အစိုးရကော်မတီက ပြောကြားလိုက်သည်။" ဧရာဝတီ ဖေဖေါ်ဝါရီ ၂၂၊ ၂၀၁၃။ "ဗျူရိုကရက်ဝန်ထမ်းပေါင်းများစွာ မြန်မာနိုင်ငံ၏ တာဝန်အပြောင်းအလဲ အရှင်းအလင်းတွင် ပါသွားခြင်း။ AFP ဖေဖေါ်ဝါရီ ၇၊ ၂၀၁၃။

## ၃။ မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှု - နောက်ခံသမိုင်းကြောင်း

မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်ဖွံ့ဖြိုးမှုအစီရင်ခံစာ *၂၀၁၁ ခုနှစ် ပဋိပက္ခ၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု* (WDR 2011) ပါ အချက်အလက်များနှင့် တိုက်ရိုက် အံဝင်ဂွင်ကျဖြစ်နေသဖြင့် ကမ္ဘာ့ဘဏ်၏လမ်းညွှန်မှု ရရှိခွင့်ရှိနေသည်။ တခြားအဆင်းရဲဆုံး LCD တိုင်းပြည်များထက် ပိုနိမ့်ကျသော ဖွံ့ဖြိုးမှုအကူအညီ (လူတဦး လျှင် USD ၇ ဒေါ်လာသာရသည်) ရရှိမှု ပိုနည်းပါးသည်။ လူသားတိုးတက်မှုကိန်းညွှန်းတွင် မြန်မာနိုင်ငံ သည် ၁၈၆ နိုင်ငံအနက် ၁၄၉ နိုင်ငံဖြစ်နေသည်ဟု ၂၀၁၃ ခုနှစ် လူသားဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံ၏ လူဦးရေးလေးပုံတပုံသည် ဆင်းရဲမွဲတေမှုစည်းမျဉ်းအောက်ရောက်နေသည်။ (ချင်း၊ ရခိုင်စသည့် ခေါင်သီသော ပြည်နယ်များတွင် ဆင်းရဲမွဲတေမှု အဆင့်သည် ပို၍မြင့်မားသည်။ လာဘ် ပေးလာဘ်ယူမှုနှင့်ပတ်သက်၍ လူထုထင်မြင်ချက်အရ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံ ၁၇၇ နိုင်ငံအနက် ၁၅၇ မြောက်နိုင်ငံဖြစ်သည်။ ၂၀၁၂ ခုနှစ် အနည်းငယ်တိုးတက်လာပြီး ၁၇၂ အဆင့်သို့ ရောက်ခဲ့သည်။ သို့သော် အလွန်ညံ့ဖျင်းသည့်အဆင့်တွင်သာ သတ်မှတ်ထားဆဲဖြစ်သည်။[11] စီးပွားရေးအရ ကြည့်ပါက ဈေးကွက်ဖွံ့ဖြိုးမှု အနည်းဆုံးတိုင်းပြည်တပြည်အဖြစ် သတ်မှတ်ခံထားရဆဲဖြစ်သော်လည်း တိုင်းပြည်၏ ပေါကြွယ်ဝသော သဘာဝအရင်းအမြစ်များ (အသုံးမပြုရသေးသည့်အရင်းအမြစ်များစွာ ရှိနေသေးသည်။) ကိုတော့ စစ်အစိုးရ နှင့်ထိစပ်သော လူနည်းစုတစုက ထိန်းချုပ်ထားသည်။ စီးပွားရေးတိုးတက်မှုသည် ခေတ်မမီသော အခြေခံ အဆောက်အဦးများ၊ ငွေကြေးစနစ်နှင့် အသေးစားစိုက်ပျိုးမှုလုပ်ငန်းကိုအခြေပြုထားသော ကျေးလက်နေ၊ ပညာမတတ် အလုပ်အင်အား စသည့်အရာများ၏ အမွေကိုဆက်ခံ ရင်ဆိုင်နေရသည်။

ပဋိပက္ခနှင့် အပြင်းစား နိုင်ငံရေးဖိနှိပ်မှုများက မြန်မာနိုင်ငံကို နှစ်ပေါင်း ၆၀ ကျော်ကြာ ယိုယွင်းစေခဲ့သည်။ ၎င်းနှစ် ၆၀ အတွင်း နိုင်ငံတော်၏ ထောက်ခံမှုပါသော များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများသည် ပုံမှန်ဖြစ်နေကျ ဖြစ်လာခဲ့သည်။ လုံခြုံရေးစိန်ခေါ်ချက်များတွင် မလုံသောနယ်စပ်မျဉ်းများ၊ တရားမဝင် ကူးသန်းရောင်းဝယ်မှု (မူးယစ်ဆေးဝါးနှင့် လူကုန်ကူးခြင်း အပါအဝင်)၊ ခိုင်မာသော အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ (တိုင်းပြည်နေရာတော်တော်များများကို ထိန်းချုပ်ထားဆဲဖြစ်သည်။) နှင့် တိုင်းရင်းသားနှင့် ဘာသာရေး အဖွဲ့အစည်းများအကြား ကြီးမားသော မယုံကြည်မှုများ ပါဝင်သည်။ ၎င်း မယုံကြည်မှုသည် ပေါ်ပေါ်တင်တင်ရန်လိုမှု တခုအဖြစ် ရှိနေပြီဖြစ်သည်။ အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ဘက် ရိုဟင်ဂျာများနှင့် မွတ်ဆလင်လူမှုအသိုင်းအဝန်းများပေါ် စစ်သွေးကြွအစွန်းရောက် ဗုဒ္ဓဘာသာ ဝင်များ၏ ဆန့်ကျင်တိုက်ခိုက်မှုများတွင် မြင်တွေ့နိုင်သည်။ တရားဥပဒေစိုးမိုးရေးဆိုသည်မှာ စစ်တပ်က ၁၉၆၂ ခုနှစ် အာဏာသိမ်းယူခဲ့သည့်အချိန်မှစ၍ စစ်တပ်အတွက် ဥပဒေအရ ကင်းလွတ်ခွင့်ရှိနေသော နေရာတခုဖြစ်နေပြီး တရားရေးစနစ်နှင့် ရဲတပ်ဖွဲ့သည် အားနည်း၊ အရာမထင်သော အဖွဲ့အစည်းများဖြစ်နေ ဆဲ ဖြစ်သည်။

၂၀၁၃ ခုနှစ် ထိရောက်သောဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး နေပြည်တော် သဘောတူစာချုပ်တွင် မြန်မာအစိုးရသည် နိုင်ငံတကာနှင့်ပိုမိုကောင်းမွန်သောဆက်ဆံရေး၊ ကောင်းမွန်သော အချက်အလက် ကောက်ယူမှုများမှတဆင့် "လူထုအခြေပြုဖွံ့ဖြိုးတိုးတက်မှု" ဆောင်ရွက်ရန်အတွက် ကြီးစွာမျှော်လင့်

11 နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ကြီး၊ Corruption Perceptions Index ၂၀၁၃ ကိုကြည့်ပါ။

ထားပါသည်ဟု ကြော်ငြာခဲ့သည်။[12] ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအနေနှင့် လူထုအခြေပြု လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းများကို ကျင့်သုံးရမည်။ လူ့အခွင့်အရေးကို အသိအမှတ်ပြုပေးရမည်။ တရားရေးစနစ်ကို ကျင့်သုံးခွင့်ပေးရမည်။ လူသိရှင်ကြားလုပ်ငန်းစဉ်မှတဆင့် တာဝန်ခံမှုကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးရမည်။

ခေတ်မီဈေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီ ဖြစ်ထွန်းတိုးတက်မှုနှင့်အတူ တရားဥပဒေစိုးမိုးရေးနှင့် သန့်ရှင်းသော အုပ်ချုပ်မှုကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးစလုံးက ထုတ်ဖော်ပြောဆိုကြသည်။[13] ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ၎င်းလုပ်ငန်းများကို ဦးစီးဦးဆောင်ရန် အမျိုးသားပြုပြင်ပြောင်းလဲရေးကော်မတီကို ဖွဲ့စည်းကြောင်း သမ္မတဦးသိန်းစိန်က ကြေငြာခဲ့သည်။ လျှပ်စစ်၊ ရေနှင့် အလုပ်အကိုင်တပ်ဆင်ခြင်းအပါအဝင် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လွန်ခဲ့သည့် အစိုးရသက်တမ်းလ ၃၀ အတွင်း "လူထုအခြေပြုဖွံ့ဖြိုးတိုးတက်မှု" အား အထူးအလေးပေးဆောင်ရွက်မည်ဟု ပြောဆိုခဲ့သည်။[14] နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု တွဲဖက်ဆောင်ရွက်သူများ ကလည်း နိုင်ငံတော်၏ ဦးစားပေးမှုများနှင့်အညီ ၎င်းတို့မဟာဗျူဟာများကို ထိန်းညှိဆောင်ရွက်သွားရန် သဘောတူခဲ့သည်။ ထို့အပြင် သက်ဆိုင်ရာ လူမှုအသိုင်းအဝန်းများနှင့် အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ ပိုမိုအားကောင်းစေခြင်းများပါ ပါဝင်သည်။

ယခင်အချိန်များတွင် အနောက်နိုင်ငံအလှူရှင်များသည် အစိုးရအပေါ် တိုက်ရိုက်အကူအညီ ပေးခြင်းအား ကန့်သတ်ထားသဖြင့် ၎င်းတို့၏ အကူအညီများကို အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတဆင့် ထောက်ပံ့ခဲ့သည်။ သို့သော်အရပ်သားအစိုးရဖြစ်လာခြင်းနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အကောင်းရှုမြင်မှုများများစားစားဖြစ်လာသောကြောင့် ပိတ်ဆို့မှုအများစုကို ဖယ်ရှားလိုက်ခြင်း သို့မဟုတ် ရပ်ဆိုင်းထားခြင်း၊ ချေးငွေအကူအညီပြန်ပေးခြင်း၊ နှစ်နိုင်ငံကြားအကူအညီပေးမှုများ ပြန်လည် လမ်းဖွင့်လာခြင်းများဖြစ်လာခဲ့သည်။ နိုင်ငံတကာအလှူရှင်များက ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကြောင်းမှု စသည့် ပုံမှန်လုပ်ရိုးလုပ်စဉ်များကိုသာ အဓိကထား လုပ်ဆောင်နေသော်လည်း နိုင်ငံတော် အင်စတီကျူးရှင်းများဖြစ်သည့် အုပ်ချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပွင့်လင်းမြင်သာမှုများ အားကောင်းစေရေး အစီအစဉ်များ ကိုပါ ဦးစားပေး ထောက်ပံ့ကူညီပေးနေသည်ဟု လက်တလော စီမံကိန်းအထောက်အထားများတွင် တွေ့နိုင်သည်။[15] တခြားအဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြန်လည်သင့်မြတ်ရေး အားထုတ်ချက်များအတွက် ဘဏ္ဍာငွေပုံစံဖြင့် ထောက်ပံ့ပေးသည်။[16] ယခုကဲ့သို့အပြောင်းအလဲသည် အတိတ်ကာလလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်းရန်အတွက် လိုအပ်နေသော အရင်းအမြစ်များရရှိနိုင်သည့်အခြေအနေကောင်းတခုအဖြစ် ရှိနေသော်လည်း တရားဥပဒေစိုးမိုးရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးကဏ္ဍနှင့်ပတ်သတ်၍ မည်သူတဦးတယောက်မှ ရှင်းရှင်းလင်းလင်း မရှိပေ။

12 သဘောတူစာချုပ်အား ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သော ပထမဦးဆုံး မြန်မာဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်က တခဲနက် အတည်ပြုပေးခဲ့သည်။ နိုင်ငံအဝှမ်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုထိရောက်သော အကူအညီပေးမှု၊ အလှူရှင်များညှိနှိုင်းဆောင်ရွက်မှုအတွက် မြန်မာအစိုးရက ၎င်းဖိုရမ်ကို ကျင်းပပေးခဲ့သည်။

13 သမ္မတဦးသိန်းစိန်၏ ဒုတိယလှိုင်းနှင့် တတိယလှိုင်းမိန့်ခွန်းများကိုကြည့်ပါ။ Lex Rieffel နှင့် James W.Fox တို့က ကိုးကားဖော်ပြထားသည်။ "များလွန်း၊ မမြန်လွန်းဘူးလား။ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားအထောက်အပံ့များ၏ အကျပ်အတည်း။" Nathan Associates Inc. မတ်လ ၂၀၁၃။

14 "ပြုပြင်ပြောင်းလဲရေးအစီအစဉ်များအား တိုက်ရိုက်ဆောင်ရွက်ရန် သမ္မတဦးသိန်းစိန်ဦးဆောင်သော အမျိုးသားပြုပြင်ပြောင်းလဲရေးကော်မတီကိုသီးခြားဖွဲ့စည်းခဲ့သည်။ " မြန်မာ့အလင်း၊ ဩဂုတ် ၁၀၊၂၀၁၃

15 ဩစတေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (DFAT)၊ ဗြိတိန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဌာန (DfID) နှင့် UNDP အားလုံးသည် အလားတူလုပ်ငန်းအစီအစဉ်အားလုံးကို ထောက်ပံ့သည်။

16 ၎င်းထောက်ပံ့ပေးမှုတွင် EU၊ နော်ဝေ၊ USAID နှင့် DfID တို့ အထူးပါဝင်သည်။

# ၄။ အသွင်ကူးပြောင်းမှုဆိုင်ရာတရားမျှတမှု - နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာသုံး ဩဇာကြီးမားသည့်စကားလုံးများနှင့် လက်တွေ့အခြေအနေကို ချိန်ထိုးကြည့်ခြင်း

မြန်မာနိုင်ငံတွင် အထိရောက်ဆုံး ဖွံ့ဖြိုးတိုးတက်မှုအကူအညီများအတွက် မူဝါဒများချမှတ်ရာတွင် ပဋိပက္ခ အကဲဆတ်သော ချဉ်းကပ်မှုများ၊ ယခင်အတိတ်ကာလ အာဏာရှင်စနစ်အောက် လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများနှင့် လက်နက်ကိုင်ပဋိပက္ခကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ WDR 2011 တွင် ဖွံ့ဖြိုး ဆဲတိုင်းပြည်များအတွက် အကြမ်းဖက်မှုဖြစ်နိုင်သော စိန်ခေါ်ချက်များကို အဓိကထားဖော်ပြထားသည်။ ပဋိပက္ခထပ်ခါ တလဲလဲ ဖြစ်နေခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကိုသာ ဖြစ်ပေါ်သည်မက လူသား နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှစ်ခုစလုံးကိုပါ ကြီးမားသော အဟန့်အတား ဖြစ်စေသည်ဟု အစီရင်ခံစာက သုတေသနပြုချက်များကို အခြေခံ၍ ကောက်ချက်ချထားသည်။

ပဋိပက္ခသံသရာမှ အောင်မြင်စွာရုန်းထွက်နိုင်ခဲ့သော တိုင်းပြည်များသည် လူထုယုံကြည်မှုကို အတိတ်ကာလမှ မတူခွဲခြားစွာ ရှိနေသည်ဟူသောအချက်ကို ပြနိုင်၍ ဖြစ်သည်။ ပဋိပက္ခလွန်အစိုးရများသည် ယခင်အစိုးရ ဟောင်းများနှင့်မတူ သီးခြားစွာရပ်တည် နေသည်ကို ပြသကြရသည်။ ထိုသို့ပြသရာတွင် အားလုံးပါဝင်သော နိုင်ငံရေးညွန့်ပေါင်းများ ဖွဲ့စည်းရန် အားပေးခြင်း၊ နိုင်ငံသားများအား လုံခြုံမှု၊တရားမျှတမှုနှင့် အလုပ်အကိုင် များ တပ်ဆင်ပေးခြင်း စသည်တို့ပါဝင်သည်။ ထို့အပြင် ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းပေးနိုင်သော တရားဝင် အင်စတီကျူးရှင်းများလုပ်နိုင်စွမ်းကို မြှင့်တင်ပေးနေသည်ဟူသော အမြင်ပါ ရှိရမည်။ အသွင်ကူး ပြောင်းမှုကာလ တရားမျှတမှုသည် အကြမ်းဖက်မှုသံသရာမှ ရုန်းထွက်လိုသော လူမှုအသိုင်း အဝန်းများ အတွက် အထောက်အကူပြုသော "အဓိကလုပ်ငန်းအစီအစဉ်နည်းလမ်းများ" အနက် တခုဖြစ်သည်ဟု WDR 2011 အစီရင်ခံစာကလည်း အသိအမှတ်ပြုထားသည်။[17]

များပြားသော အကြမ်းဖက်မှု၏ အကျိုးဆက်ကို မတူကွဲပြားစွာ တုန့်ပြန်ဆောင်ရွက်ခြင်းသည် လည်း လူထုယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသည်။ သာဓကအားဖြင့် ပြန်လည်လျော်ကြေးပေးခြင်း၊ ဝန်ချတောင်းပန်ခြင်းများမှတဆင့် နိုင်ငံသားများ၏ အခွင့်အရေးကို အလေးထားစဉ်းစားပေးသည့်အခါ၊ အမှန်တရား ဖေါ်ထုတ်ပြောဆိုခြင်း အလေ့အထများမှတဆင့် ပဋိပက္ခ၏ အရင်းအမြစ်ကို ဖေါ်ထုတ်သည့်အခါ သို့မဟုတ် အတိတ်ကာလ ချိုးဖောက်မှုများကို လူသိရှင်ကြား အသိအမှတ်ပြုသောအခါ သို့မဟုတ် တရားရေးအင်စတီကျူးရှင်းများ လွတ်လပ်စွာ၊ တရားမျှတစွာ ဆောင်ရွက်နိုင်သည့်အခါ စသဖြင့် ဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ နောက်တဖန်ထပ်မဖြစ်ရေး ဦးတည်သော အင်စတီကျူးရှင်းပြုပြင်ပြောင်းလဲ ရေးများအပြင် အထူးသဖြင့် အသိအမှတ်ပြုခြင်းနှင့် ဖြေရှင်းပေးခြင်း လုပ်ငန်းနှစ်ရပ်ကို စုပေါင်း အကောင်အ ထည်ဖေါ်ဆောင်ရွက်ခြင်းအားဖြင့် တာဝန်ခံမှုအခြေခံကို ပြန်လည်ထူထောင်နိုင်သည်။ ထို့မှတဆင့် လူမှုအသိုင်းအဝန်းများအတွင်းနှင့် လူမှုအသိုင်းအဝန်းများနှင့် အစိုးရအကြား ယုံကြည်မှု ရှိလာနိုင်မည်

17 ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ ၂၀၁၁။ Conflict, Security and Development, Word Bank, 2011. ပဋိပက္ခကြီးများ ရပ်တန့်သွားသည့်တိုင် အကြမ်းဖက်မှုများသည် လူမှုအသိုင်းအဝန်းလုံခြုံမှု၊ဖွံ့ဖြိုးတိုးတက်မှုအား အနှောင့်အယှက်ဖြစ်စေသည့် ဂိုဏ်းဖွဲ့ရာဇဝတ်မှု အကြမ်းဖက်မှုများ၊တရားမဝင် ကူးသန်း ရောင်းဝယ်မှုများ စသဖြင့် ပုံစံအသစ်ပြောင်းလဲသွားသည်ဟု အစီရင်ခံစာတွင် ဖေါ်ပြထားသည်။ ဥပမာ နိုင်ငံသားအခွင့်အရေးများကို ပြန်လည်လျော်ကြေးပေးခြင်း အစီအစဉ်များ၊ ဝန်ချတောင်းပန်ခြင်းများမှတဆင့်

ဖြစ်သည်။

> အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုလုပ်ငန်း ဆောင်ရွက်ချက်များမှ တဆင့် အစိုးရသစ်တရပ်သည် တရားဥပဒေစိုးမိုးမှုအား မည်မျှဆန္ဒပြင်းပြင်းစွာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဖေါ်ပြနိုင်သည်ဟု WDR 2011 အစီရင်ခံစာတွင် ဖေါ်ပြထားသည်။ အင်စတီကျူးရှင်း သို့မဟုတ် နိုင်ငံရေးအခြေအနေအရ အပြည့်အဝ ဖြေရှင်းနိုင်ခြင်း မရှိသေးသည့်တိုင် လူ့အခွင့်အရေး ချိုးဖောက်မှုများ မှတ်တမ်းကောက်ယူခြင်း၊ ချိုးဖောက်ခံရသူများအား ကူညီပေးခြင်းများဆောင်ရွက်ပေးခြင်းဖြင့်ပင် အောက်ခြေနှင့်နိုင်ငံတော်အဆင့်တွင် အစိုးရသည် ဥပဒေအရ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးချိုးဖောက်မှု အမွေအနှစ်များကို ကျော်ဖြတ်ရန် အားသွန်ခွန်စိုက်ကြိုးစားနေသည်ဟူသော အမြင်ကို ဖြစ်စေနိုင်သည်။[18]

နိုင်ငံတိုင်းတွင် အခြေခံလူ့အခွင့်အရေးကို ကာကွယ်ရန် တာဝန်ရှိသည်သာမက ဆိုးဝါးသော ချိုးဖောက်မှုခံရသူများအတွက် ထိရောက်သော ပြန်လည်ကုစားပေးမှု ရှိစေရမည့်အပြင် ၎င်းချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရန်အတွက် အာမခံပေးရန် တာဝန်ရှိသည်။[19] အတိတ်ကာလ အကြမ်းဖက်မှုများ၊ ဖယ်ကျဉ်ခံရမှုများကို ဖြေရှင်းခြင်းသည် အလွန်သိမ်မွေ့သော လုပ်ငန်းဖြစ်သည်ဟု နိုင်ငံတကာမူဝါဒချမှတ်သူများက သဘောပေါက်သည်။ သို့သော် အကြမ်းဖက်မှု နောက်ဆက်တွဲကို မဖြေရှင်းပဲထားပါက ဥပမာ ချိုးဖောက်ခဲ့သော ရာဇဝတ်မှုများအတွက် ဥပဒေအရ ကင်းလွတ်ခွင့်ရနေခြင်း သို့မဟုတ် အကြမ်းဖက်မှု နှင့်ပဋိပက္ခ၏ သဘာဝကို အမှန်အတိုင်း ထုတ်ဖေါ်ခြင်း မရှိပါက မကျေနပ်မှုနှင့်မတည်ငြိမ်မှု ဆက်ဖြစ်နေဦးမည်ဖြစ်သည်။[20]

နိုင်ငံတကာငြိမ်းချမ်းရေးတည်ဆောက်ခြင်းအစီအစဉ်၏ တခြားလုပ်ငန်းနယ်ပယ်များတွင်လည်း မတရားမှုအားကိုင်တွယ်ဖြေရှင်းခြင်းသည် လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောအရာဖြစ်သည်ဟူသော တူညီသောအယူအဆများစွာရှိသည်။ ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများအား မသိကျိုးကျွန်ပြု ဥပဒေအရ မျက်ကွယ်ပြုနေခြင်းသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ခြိမ်းခြောက်နိုင်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ နှစ်ခုစလုံးက အသိအမှတ်ပြုလက်ခံထားသည်။ "အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုလုပ်ငန်းစဉ်များနှင့် အင်စတီကျူးရှင်းအလိုက် အရည်အချင်းမြှင့်တင်ခြင်းသည် ခေါင်းနှင့်ပန်းကဲ့သို့ ပြိုင်တူဆောင်ရွက်ရမည်။"[21] အကူအညီပေးမှုများ ပို၍ထိရောက်မှန်ကန်စေရန်အတွက် တရားမျှတမှုသည် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် တိုင်းပြည်ထူထောင်ခြင်း၏ ကြန်အင်လက္ခဏာတရပ်ဖြစ်သည်ဟု ဘူဆန်တွင် ပြဋ္ဌာန်းခဲ့သော "New Deal for Engagement in Fragile States" စာချုပ်တွင် ဖေါ်ပြထားသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း အဆင့်မြင့်တာဝန်ရှိသူများ၏ အားထုတ်၏ တစိတ်တဒေသအဖြစ် မူဝါဒချမှတ်သူများသည် လူ့အသိုင်းအဝိုင်းအတွင်း လုံခြုံမှု ရှိမရှိနှင့် စစ်တပ်၊ ရဲတပ်ဖွဲ့ဝင်များသည် ဥပဒေအရ ကင်းလွတ်ခွင့်ကို မည်၍ မည်မျှရနေသည်ကို ဆက်ဖြစ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ရပ်များနှင့် ယှဉ်ထိုးစဉ်းစားလေ့ရှိသည်။ ၎င်းကင်းလွတ်ခွင့်များကြောင့် ထိုအဖွဲ့အစည်းများအပေါ် လူထုမယုံကြည်မှုဖြစ်စေသည်။ [22]

---

18 idib. At 125.

19 ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့် နိုင်ငံတကာလူသားချင်းစာနာသော ဥပဒေအား ဆိုးဝါးစွာ ချိုးဖောက်ခံသူများအတွက် ပြန်လည်ကုစားခွင့်နှင့် ပြန်လည်လျော်ကြေးရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့် လမ်းညွှန်မှုများ (၂၀၀၅) ပြဋ္ဌာန်းခြင်းနှင့် ၎င်းတာဝန်ဝတ္တရားများကို အသိအမှတ်ပြုခဲ့သည်။ လက်ရှိတည်ဆဲဥပဒေကြောင်းအရ တာဝန်ရှိမှုများကိုလည်း ဥပဒေအရကင်းလွတ်ခွင့် တိုက်ဖျက်ခြင်းဖြင့် လူ့အခွင့်အရေး အားမြှင့်တင်၊ ကာကွယ်ပေးခြင်း နောက်ဆုံးအခြေခံစည်းမျဉ်းများ (၂၀၀၅) တွင် ထည့်သွင်းထားသည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ အမှန်တရား၊ တရားမျှတမှု၊ ပြန်လည်လျော်ကြေးပေးခြင်းနှင့် ၎င်းတာဝန်ဝတ္တရားများ ပြီးမြောက်ရေးအတွက် အစိုးရများအား ကူညီပေးခြင်းဖြင့် နောက်တဖန်မပေါ်ပေါက်ရေးအာမခံချက် မြှင့်တင်ပေးရေး ကုလသမဂ္ဂအထူးကိုယ်စားလှယ် ခန့်အပ်ခဲ့သည်။

20 Pilar Domingo and Lisa Denney, "The Politics of Practice: security and justice programming in Fragile and Conflict Affected States," Office of Development Initiatives, December 2012.

21 "ပဋိပက္ခနှင့်ပဋိပက္ခအလွန် လူမှုအသိုင်းအဝန်းများအတွင်း တရားဥပဒေစိုးမိုးမှုနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာတရားမျှတမှု။" အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ။ UN Doc S/2011/634, October 12, 2011 UN လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၈၉၄၊ ၆၃ နှစ်မြောက်။ Resolutions and Decisions of the Security Council, 2009 (New York: Official Record S/RES/1894, 2009).

22 Progress Report on Fragility Assessments and Indicators," International Dialogue on Peacebuilding and Statebuilding Working Group on Indicators, December 4, 2012 ကိုကြည့်ပါ။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် နိုင်ငံတော်တည်ဆောက်ခြင်းအတွက် CSO မူဝါဒ၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ၊ မှ "Joint submission to consultation on shared indicators" အရ တရားမျှတမှုမရှိခြင်းအပေါ် လူထုအမြင်နှင့် အတွေ့အကြုံကိုသာပြောနေကြပြီး တရားမျှတမှု ဝန်ဆောင်မှုပေးခြင်းအပေါ် ဆောင်ရွက်မှု အားနည်းနေသေးသည်။ အသွင်ကူးပြောင်းမှုဆိုင်ရာတရားမျှတမှုလုပ်ငန်းများအတွက် တိုက်ရိုက်ဆောင်ရွက်မှု အားနည်းနေသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကာကွယ်ပေးရေးနှင့် ကျူးလွန်ခံရသူများ၏ ပြန်လည်ကုစားခံခွင့် အခွင့်အရေးများကို နိုင်ငံတကာ အသိုင်းအဝန်းမှ ဖြည့်ဆည်းပေးနိုင်သည့် အခွင့်အလမ်းရှိနေသည်။ ဖွံ့ဖြိုးတိုးတက်မှု အကူအညီများ၊ တရားရေး၊ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဝင်ရောက်ကူညီနိုင်သည့် အခြေအနေကောင်းတခု ရှိနေသည်။ အောက်ဖော်ပြပါ အခန်းများသည် အောင်မြင်သော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍများဖြစ်သည့်အပြင် အတူတကွဆောင်ရွက်ရမည့်အရာများဖြစ်ကြောင်း ရှင်းလင်းတင်ပြထားသည်။

## တရားရေးကဏ္ဍပြုပြင်ပြောင်းလဲမှု

ယခုသုံးသပ်ချက်အတွက် အကြံပြုဆွေးနွေးခဲ့ကြသည့် မြန်မာနိုင်ငံသားရှေ့နေတော်တော်များများက အလုပ်ကောင်းကောင်းလည်ပတ်နိုင်သော တရားရေးစနစ်မရှိပဲ အတိတ်ကာလချိုးဖောက်မှုများအတွက် တရားမျှတမှုရှာဖွေခြင်းသည် အကျိုးမရှိဟု မြင်သည်။ ပုဂ္ဂလိကကဏ္ဍ သုံးသပ်လေ့လာသူများကလည်း တရားရေးကဏ္ဍကို အလျင်အမြန်ပြုပြင်ပြောင်းလဲရမည်ဟု သုံးသပ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေစည်းမျဉ်းများ ရှင်းလင်းချက်ထုတ်ရန်၊ စာချုပ်များအသက်ဝင်လာစေရန်၊ ပိုင်ဆိုင်မှုပစ္စည်းနှင့် အတတ်ပညာပိုင်ဆိုင်မှု မူပိုင်ခွင့်ကိုအကာအကွယ်ပေးခြင်း၊ အလုပ်သမားအခွင့်အရေး၊ စားသုံးသူအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးတို့ကို ကာကွယ်ထိန်းသိမ်းခြင်းအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာသီဥတုတွင် ယုံကြည်မှုရှိလာစေရန်အတွက်ပါ လိုအပ်သည်။[23] တရားရေးစနစ် ကောင်းမွန်စွာ လည်ပတ်ခြင်းသည်ဦးစားပေးလုပ်ငန်းတခု ဖြစ်သော်လည်း အတိတ်ကာလတရားမျှတမှုအတွက် တာဝန်ခံမှုကို ရှုမြင်သည့်အခါတွင် တရားရုံးမှသာ လုပ်နိုင်သည်ဟု ရှုမြင်ကြသည်။ တာဝန်ခံမှုနှင့် ပြုပြင်ပြောင်းလဲခြင်းအတွက် ပြစ်မှုဆိုင်ရာ တရားမျှတမှုကို အဓိကကျသော နည်းလမ်းအဖြစ် ထည့်သွင်းစဉ်းစားသော်လည်း ပြန်လည်လျော်ကြေးပေးခြင်း၊ အမှန်တရားဖော်ထုတ်ခြင်းနှင့် အင်စတီကျူးရှင်းအလိုက်ပြုပြင်ပြောင်းလဲခြင်းအတွက် ပြစ်မှုဆိုင်ရာတရားမျှတမှု တခုတည်း လိုအပ်သည်မဟုတ်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အလှူရှင်နိုင်ငံများသည် ပွင့်လင်းလာသောမြန်မာနိုင်ငံအား အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး အစီအစဉ်များအတွက် ထောက်ပံ့မှုများပေးနေသည်။ ဩစတေးလျ နိုင်ငံခြားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (DFAT) သည် UNDP ၏ ဒီမိုကရက်တစ်အုပ်ချုပ်ရေးအပြင် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအသုံးပြုခွင့် အစီအစဉ်များကို ထောက်ပံ့သည်။ UNDP သည် မြန်မာနိုင်ငံရှေ့နေချုပ်ရုံး၊ နိုင်ငံတော်တရားရုံးချုပ်နှင့် ပူးတွဲ၍ တရားမျှတသောတရားခွင်များ၊ ဥပဒေအကြောင်းအရလွတ်လပ်မှု၊ လူထုအသုံးပြုနိုင်မှုနှင့် လူထုအခြေပြုလူမှုအသိုင်းအဝန်းမှ တရားရေးစနစ်အားအသုံးပြုနိုင်မှုကိစ္စရပ်များ ဆောင်ရွက်နေသည်။ ၂၀၁၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော လေ့လာချက်အရ USAID သည် နိုင်ငံတော်အဆင့် တရားဥပဒေစိုးမိုးမှု မဟာဗျူဟာ ပေါ်ထွက်ရေး၊ ဥပဒေမူကြမ်းရေးဆွဲမှုများ တိုးတက်လာရေး၊ တရားရေး ကဏ္ဍသီးခြားကင်းလွတ်မှု အားကောင်းစေရေးနှင့် တရားဥပဒေစိုးမိုးမှုကိစ္စရပ် အပေါ် ဆောင်ရွက်နေသော လူထုအခြေပြုအဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရေးစသည့်လုပ်ငန်းများအပါအဝင် တရားဥပဒေစိုးမိုးရေး အစီအစဉ်အကြီးကြီး တခု အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဌာန (DfID) သည် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ဥပဒေအသက်မွေး ဝမ်းကြောင်းလုပ်ငန်းများကို ဆက်လက် ထောက်ပံ့နေဆဲဖြစ်သည်။ ပြုပြင်ပြောင်းလဲခြင်းသည် အမြင့်ဆုံးအဆင့်တွင် ရှိရမည်ဖြစ်သလို လူထုအခြေပြုလူမှုအသိုင်းအဝန်း၏ တရားရေးကဏ္ဍနှင့် ထိစပ်နိုင်မှု ပိုမိုရှိလာအောင် လုပ်ဆောင်ပေးသင့်သည် ဟူသောအချက်ကို အထက်ဖော်ပြပါ လုပ်ငန်းများက ပြဆိုနေသည်။

ယခုစာတမ်းအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် ပါဝင်ဆောင်ရွက်သူများက တရားဥပဒေစိုးမိုးမှုအပေါ် လူထုယုံကြည်မှုသည် အောက်ခြေအဆင့် လူထုနှင့် ထိတွေ့ဆက်ဆံသည့် အစိုးရအုပ်ချုပ်ရေးတွင် အများဆုံးသက်ရောက်မှုရှိသည်ဟု ပြောဆိုခဲ့သည်။ အောက်ခြေနှင့်အလယ်အလတ် အစိုးရဗျူရိုကရက် ဝန်ထမ်းများ၏ အရိုးစွဲ အလုပ်ဆောင်ရွက်ပုံ မပြောင်းသရွေ့ နိုင်ငံတော်အဆင့် ပြုပြင်ပြောင်းလဲရေးသတင်းစကားသည် အောက်ခြေနှင့် အလယ်အလတ်ဝန်ထမ်းများထံသို့ ရောက်ရန် အလှမ်းကွာဝေးသေးသည်။ မကြာခဏဆိုသလိုပင် နိုင်ငံသားများ၏ အသစ်စက်စက်ပြန်ရထားသည့် အခွင့်အရေးအသုံးပြုမှုကို အောက်ခြေအာဏာ

23 "Reform in Myanmar: implications for business and political risks," *Risk Advisory*, March 2013. ကိုကြည့်ပါ။

ပိုင်များ၏ တုန့်ပြန်မှုများနှင့် ကြုံနေရသည်။ UNDP သည် အောက်ခြေအဆင့် တရားသူကြီးများနှင့် တခြားဥပဒေအကျိုးဆောင်ဝန်ထမ်းများ အနေနှင့်၎င်းတို့ တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးဌာနများ ဖွင့်နိုင်ရန် ဖြစ်နိုင်ချေလေ့လာမှုများ ဆောင်ရွက်နေသည်။ ၂၀၁၄ ခုနှစ် ပထမ နှစ်ပတ်လည်တွင် ဌာနများဖွင့်လှစ်နိုင်ရန် အစိုးရတာဝန်ခံ ညှိနှိုင်းဆောင်ရွက်ရေး ကော်မတီက သုံးသပ်မှုများ ဆောင်ရွက်နေသည်။ ပြုပြင်ပြောင်းလဲမှုနှင့် ၎င်း၏ ပြောင်းလဲနှုန်းအပေါ်တွင် ယုံကြည်မှုတည်ဆောက်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ဆောင်ရွက်သူများအနေနှင့်လည်း ၎င်းချည်းကပ်ဆောင်ရွက်နည်းကို နမူနာယူ၍ အောက်ခြေပြည်သူများ၏ မြေယာပြဿနာ၊ လွတ်လပ်စွာစုရုံးခွင့်စသည့် ကိစ္စရပ်များကို ၎င်းတို့၏ လုပ်ငန်းအစီအစဉ်များတွင် ထည့်သွင်းသင့်သည်။

ထိုကဲ့သို့သော လေ့လာမှုများ၊ လူထုအကြံယူဆွေးနွေးမှုများမှတဆင့် တရားဥပဒေစိုးမိုးမှုအား အင်စတီကျူးရှင်း အဆင့်တွင် ဆောင်ရွက်သည့်ပုံစံတွင် အောက်ခြေအဆင့်သို့ နားလည်သည့်ပုံစံကို ရှင်းရှင်းလင်းလင်း သိသွားနိုင်သည်။ အတိတ်ကာလရာဇဝတ်မှုများအပါအဝင် နိုင်ငံတော်တရားရေးစနစ်အပေါ် ယုံကြည်မှု မရှိခြင်းသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အတွက် အဓိကစိန်ခေါ်ချက်တခုဖြစ်သည်။ တချို့နေရာများတွင် လက်နက်ကိုင်အဖွဲ့အစည်းများက တရားရေးစနစ်အပါအဝင် လူထုအုပ်ချုပ်ရေး စနစ်များကိုသာ ကျကျနန တည်ထောင်ထားကြသည်။ တချို့နေရာများတွင်တော့ အငြင်းပွားမှုများကို မိရိုးဖလာနည်းနှင့်ဖြေရှင်းကြသည်။[24] ဆယ်စုနှစ်ပေါင်းများစွာကြာ အချိန်ယူပြင်ဆင်ရမည့် တရားရေးစနစ်အတွက် သက်တောင့်သက်သာဖြစ်စေသည့် နည်းလမ်းများကို မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှစ်ခုစလုံးတွင် ထည့်သွင်းသင့်သည်။ အလွတ်သဘောတရားရေးစနစ်များအနေနှင့် တခြားသော တရားဥပဒေစိုးမိုးမှုအင်စတီကျူးရှင်းများအကြား မည်၍ မည်မျှ ချိတ်ဆက်နိုင်သည်ကို သေချာစွာ သိရှိရန်လိုအပ်သည်။ သို့သော် ၎င်းကိစ္စရပ်များသည် အစိုးရနှင့် အလှူပေးသူနှစ်ဦးစလုံးအပေါ်တွင်သာများစွာ မှီတည်နေပါသည်။ [25]

## လုံခြုံရေး/ ဖွံ့ဖြိုးတိုးတက်ရေးဆက်သွယ်မှု

မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသော အလှူရှင်အစီအစဉ်များသည် ဖွံ့ဖြိုးတိုးတက်မှု အစီအမံနှင့် လုံခြုံရေးကိစ္စရပ် အကြား တိုက်ရိုက်ဆက်သွယ်ခြင်းမရှိသော်လည်း မြန်မာ့တပ်မတော်နှင့် တိုက်ရိုက်ဆက်ဆံမှုတချို့ စတင်နေပြီဖြစ်သည်။ ၂၀၁၃ ခုနှစ် မတ်လတွင် ဩစတေးလျဝန်ကြီးချုပ် ဂျီလီယာ ဂီလတ်ဒ်က တပ်မတော်အနေနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြုပြင်ပြောင်းလဲရေးကို အားပေးသော စစ်ရေးပူးပေါင်းဆောင်ရွက်မှုမျိုး ပြန်လည်ဆောင်ရွက်မည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။[26] ဇူလိုင်လတွင် ဗြိတိန်နိုင်ငံကလည်း အလားတူဆောင်ရွက်ခဲ့သည်။ ရန်ကုန်တွင် ကာကွယ်ရေးစစ်သံမှူးတဦးခန့်အပ်ခဲ့ပြီး လူ့အခွင့်အရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ဥပဒေဆိုင်ရာ စစ်တပ် – စစ်တပ်အချင်းချင်း လေ့ကျင့်သင်တန်းပေးရန် စီစဉ်နေသည်။[27] အမေရိကန်ပြည်ထောင်စုနှင့် တပ်မတော်အကြား ကနဦး ဆက်ဆံရေးသည် လူသားချင်းစာနာသော ကိစ္စရပ်များ၊ အရာရှိလေ့ကျင့်သင်တန်းပေးခြင်းနှင့် လူ့အခွင့်အရေးကိစ္စရပ်များသာဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စုသံအမတ်ကြီး ဒဲရစ်မစ်ချယ်က ဩဂုတ်လတွင် ပြောဆိုခဲ့သည်။[28]

လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ လက်ရှိဖြစ်နေသော အသွင်ကူးပြောင်းမှု၏ အတိမ်းအစောင်းမခံနိုင်သော အခြေအနေအပေါ် စိုးရိမ်နေရဆဲဖြစ်သည်။ မြန်မာ့တပ်မတော်နှင့် ပတ်သက်၍ အထူးကျွမ်းကျင်သူတဦး အဆိုအရ “တပ်မတော်ခေါင်းဆောင်များသည် ယခုလုပ်ငန်းစဉ်ကို ပြဋ္ဌာန်း၊ ထိန်းချုပ်ထား

24 Mary Callahan, “Political Authority in Burma's Ethnic Minority States: Devolution, Occupation, and Co-existence,” East-West Center, 2007.

25 ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် နိုင်ငံတော်က ဆောင်ရွက်သောလုပ်ငန်းများနှင့် သီးခြားပြင်ပမှ ဆောင်ရွက်လေသာ လုပ်ငန်းများ ထိတွေ့မှုကို ဆွေးနွေးခြင်း။ လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသူများအတွက် ပြန်လည်ကုစားပေးခြင်း၊ မကျေနပ်ချက် ဖြေရှင်းပေးခြင်းများအတွက်လည်း အလားတူနည်းလမ်းများ သုံးသင့်သည်။ လက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသများအတွင်း ငြိမ်းချမ်းရေးနှင့် ဆက်နွယ်သောဝန်ဆောင်မှု လုပ်ငန်းများအကြောင်းဆွေးနွေးချက်အတွက် Charles Petrie and Ashley South, “Mapping of Myanmar Peacebuilding Civil Society,” prepared for the Civil Society Dialogue Network, March 2013. ကို ကြည့်ပါ။

26 Associated Press, “Myanmar to have closer ties, military cooperation from Australia,” March 18, 2013.

27 Damien McElroy, “Britain to offer military training to Burma to help end ethnic conflicts,” The Telegraph, July 14, 2013.

28 Tim McLaughlin, “US and Myanmar up military engagement,” Myanmar Times, August 1, 2013.

နိုင်သည်။" ဟုဆိုသည်။[29] သမ္မတအနေနှင့် တပ်မတော်အပေါ် တကယ်တမ်းထိန်းချုပ်နိုင်ခြင်း ရှိမရှိနှင့် ပတ်သက်၍ မရေရာမှုများ ရှိနေသဖြင့် ၎င်းကိစ္စ၏ အရေးပါမှုနှင့် ထိခိုက်မခံမှုကို ပေါ်လွင်စေသည်။ စစ်တပ် အကျိုးစီးပွားတခုတည်းအတွက် လုပ်နေသော စီးပွားရေးလုပ်ငန်းကြီးများရှိသော်လည်း ၂၀၁၃ ခုနှစ် စစ်တပ် ဘဏ္ဍာငွေအား လွှတ်တော်သို့ တင်သွင်းခြင်းသည် အရေးကြီးသော ပထမဆင့်ဖြစ်သည်။ ပြည့်စုံမှုတော့ မရှိပါ။ ၂၀၁၃ ခုနှစ်အောက်တိုဘာလတွင် တိုင်းရင်းသား CBO အဖွဲ့အစည်း တရာကျော်သည် အင်္ဂလန်၊ ဩစတေးလျနှင့် အမေရိကန်အစိုးရများထံသို့ တပ်မတော်နှင့်ဆက်ဆံနေမှုများအပေါ် ၎င်းတို့၏ စိုးရိမ်မှုကို ထုတ်ဖေါ်ပြဆိုသော စာများပေးပို့ခဲ့ကြသည်။ ၎င်းစာထဲတွင် အသွင်ကူးပြောင်းရေး ဆိုင်ရာတရားမျှတမှုနှင့် သက်ဆိုင်သော အကြံပြုချက်များ၊ စစ်တပ်နှင့် စစ်တပ်အကြားဆက်ဆံရေး တည်ဆောက်ရာတွင်လည်း စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို တရားဝင်လူသိရှင်ကြားအသိအမှတ်ပြုထုတ်ဖေါ်ပြောဆိုသင့်ပြီး၊ စစ်တပ်အပေါ် လွှမ်းမိုးမှုရှိသည့် တရားရေးနှင့် တာဝန်ခံမှုစနစ်များ တည်ဆောက်ရန် စသဖြင့် အကြံပြုထား သည်။ စစ်တပ်နှင့်တခြား လုံခြုံရေးကဏ္ဍ အင်စတီကျူးရှင်းများနှင့် ဆက်ဆံနေသော ဖွံ့ဖြိုးတိုးတက်မှုအရေး ဆောင်ရွက်သူများ အနေနှင့်လည်း ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများ၏ စိုးရိမ်ချက်များ၊ အကြံပြုချက် များကို လေးလေးစားစား နားထောင်သင့်ပြီး သို့မဟုတ်ပါက အောက်ခြေလူထုနှင့် လူထုအသိုင်းအဝန်း အကြား တရားဝင်မှု ဆုံးရှုံးသွားမည်ဖြစ်သည်။

## စီးပွားရေးပြုပြင်ပြောင်းလဲမှု

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုသည်အစိုးရ၏ ထိပ်တန်းဦးစားပေးတခု ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှု နိုင်ငံတကာဈေးကွက်သို့ ရောက်အောင် လမ်းဖွင့်ပေးခြင်းက အများစုဖြစ်သည်။ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း သမ္မတဦးသိန်းစိန် လက်ကျန်သက်တမ်းတွင် အခြေခံလိုအပ်ချက်များကို အဓိကထားဆောင်ရွက်နိုင်ရန် အမျိုးသားပြုပြင်ပြောင်းလဲရေးကော်မတီများ ဖွဲ့စည်းခဲ့သည်။ ကော်မတီဖွဲ့စည်း ကြောင်း ကြေငြာချက်တွင် သမ္မတက ဝန်ကြီးများအား တာဝန်အများစုကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများထံသို့ ဗဟိုချုပ်ကိုင်မှု ဖြေချရန် ညွှန်ကြားခဲ့ပြီး ယခင်စစ်အစိုးရလုပ်ဟန်မှ ဖယ်ခွာခဲ့သည်။ ယခင် စစ်အစိုးရလက်ထက်တွင် တိုင်းပြည်စီးပွားရေးကို ဗဟိုချုပ်ကိုင်မှုနှင့် တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ခဲ့သည်။[30] နိုင်ငံခြားအကူအညီပုံစံဖြင့် ရှိမည့် နိုင်ငံတကာဖွံ့ဖြိုးမှု အထောက်အပံ့များသည် အရေးပါသော်လည်း ပုဂ္ဂလိ ကငွေပင်ငွေရင်းစီးဝင်မှုအောက်တွင် သေးငယ်သွားလိမ့်မည်။[31]

နှစ်ပေါင်းကြာရှည်စွာအမြစ်တွယ်လာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်ဖြေရှင်းခြင်းမရှိပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှု ရှိလာနိုင်သည်။[32] လူထုပါဝင်မှု သို့မဟုတ် လူထုသဘောထားရယူခြင်းမရှိခဲ့သော စီမံကိန်းကြီးများပေါ် လူထု၏ တုန့်ပြန်မှုကြီးများက သက်သေပြနေပြီး ဖြစ်သည်။ "သယံဇာတကျိန်စာမိ" မှု၏ နောက်ဆက်တွဲ လက်တွေ့အန္တရာယ်ရှိမှုမှာ သယံဇာတထုတ်ရောင်း မှုသည် နိုင်ငံတော်အဆင့် ထုတ်ကုန်လုပ်ငန်းအထိ ဖြစ်လာသော်လည်း အလုပ်အကိုင်တပ်ဆင်မှု အလွန်နည်း ပါးခဲ့သည်ဟု WDR 2011 အစီရင်ခံစာတွင် အတည်ပြုထားသည်။ မြန်မာနိုင်ငံ၏ အရင်းအမြစ်များကို လက် ငင်းထုတ်ယူရောင်းချနိုင်သူမှာ လက်တဆုပ်စာ လူတစုသာဖြစ်၍ အကျိုးအမြတ်ကို သူတို့သာ ခံစားခွင့်ရှိပြီး အောက်ခြေလူထုအတွက် မကျေနပ်မှုများစွာ ဖြစ်စေသည်။ ရှိပြီးသား ခပ်ယိုင်ယိုင် အစိုးရ လူထုဆက်ဆံရေး အခြေအနေတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုသည် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအပေါ် ဆိုးကျိုးများ ဖြစ်စေနိုင်သဖြင့် တရားရေးကဏ္ဍချို့နဲ့နေချိန်တွင် နောက်ထပ် ပဋိပက္ခအသစ်တခုပင် ထပ်ဖြစ်လာနိုင်သည်။[33]

---

29 Mary Callahan, "The generals loosen their grip," Journal of Democracy, October 2012.

30 သမ္မတဦးသိန်းစိန်ဦးဆောင်သော အမျိုးသားပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား တိုက်ရိုက်ကြီးကြပ်နိုင်ရန် ဖွဲ့စည်းခဲ့သည်။ မြန်မာ့အလင်း၊ ဩဂုတ် ၁၀၊ ၂၀၁၃

31 Lex Rieffel နှင့် James W.Fox တို့က ကိုးကားဖေါ်ပြထားသည်။ "များလွန်း၊ မမြန်လွန်းဘူးလား။ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားအထောက်အပံ့များ၏ အကျပ်အတည်း။" Nathan Associates Inc. မတ်လ ၂၀၁၃။

32 ibid

33 အသေးစိတ်သိလိုပါက Stuart Larkin, Myanmar at the Crossroads: Rapid Industrial Development or De-industrialization, January 1, 2012; Vikram Nehru, Myanmar's Economic Policy Priorities, The Carnegie Endowment for International Peace, November 2012.

တချို့အကြောင်းအရာများသည် နိုင်ငံတကာဘဏ္ဍာရေးအင်စတီကျူးရှင်းများမှ ချေးငွေထုတ်ပေးမည့်အခါတွင် ထည့်သွင်းစဉ်းစားသည့်အကြောင်းအရာများဖြစ်သည်။ သာဓကအားဖြင့် မဖြစ်မနေမြေသိမ်းယူရသည့်အခါတွင် လုံလောက်သော လျော်ကြေးပေးနိုင်ခြင်းနှင့် သက်ရောက်မှုလေ့လာသုံးသပ်ချက်များ လုပ်ဆောင်ခြင်း စ သည်တို့ဖြစ်သည်။[34] သို့သော် အကြီးစားစိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် စက်မှုဖွံ့ဖြိုးတိုးတက်ရေးသို့မဟုတ် သဘာဝသယံဇာတထုတ်လုပ်မှု ပုံစံမျိုးနှင့်ပတ်သတ်ပြီး လူထု၏ မကောင်းမြင်မှုများ ရှိနေသည့်အပေါ် အာ မံချက်ပေးရန် ခက်နေသေးသည်။

နိုင်ငံခြားပုဂ္ဂလိကရင်းနှီးမြုပ်နှံသူများက ချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်ခဲ့ဖူးသူဟု သမိုင်းကြောင်းရှိသူ များနှင့် စီးပွားရေးလုပ်ရန် လက်တွန့်ကြသည်။ လူထုဝေဖန်ခံရမည့်အရေး သို့မဟုတ် တရားဥပဒေကြောင်း အရ တာဝန်ရှိမှုများ ရှိလာမည်ကိုစိုးရိမ်ကြသည်။ ကော်ပိုရေးရှင်းလူမှုတာဝန်စံသတ်မှတ်ချက်တွင် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သက်ရောက်မှုစာချုပ် သို့မဟုတ် သဘာဝသယံဇာတထုတ်လုပ်မှုပွင့်လင်းမြင်သာမှုစာချုပ် (မြန်မာနိုင်ငံလည်း ပါဝင်လာတော့မည်။) များတွင် တာဝန်ခံမှု၏ အရေးပါမှုကို ဖေါ်ပြထားသည်။[35] သို့သော် ၎င်းစာချုပ်များက တဦးချင်းအရသော်လည်းကောင်း၊ တရားဝင်အဖွဲ့အစည်းများကိုသော်လည်းကောင်း ဖြစ် လာနိုင်သော တရားစွဲမှုများမှ အကာအကွယ်မပေးနိုင်ချေ။[36] ၎င်းအခြေအနေသည် သီအိုရီထက်ပိုသည်။ အဘယ်ကြောင့်ဆိုသော် Unocal ကုမ္ပဏီအား ရတနာပိုက်လိုင်းတည်ဆောက်ချိန်အတွင်း အစိုးရလုံခြုံရေး တပ်များ၏ အဓမ္မလုပ်အားပေးခိုင်းစေမှု၊ မုဒိမ်းကျင့်မှုနှင့် လူသတ်မှုများတွင် ပါဝင်မှုနှင့်ပတ်သက်၍ အမေရိ ကန်ပြည်ထောင်စုတွင် တရားစွဲဆိုခဲ့ဖူးခြင်းကြောင့်ဖြစ်သည်။[37]

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၀၁၁ ခုနှစ်တွင် သဘောတူခဲ့သော *ကမ္ဘာ့ကုလသမဂ္ဂ စီးပွားရေး နှင့်လူ့အခွင့်အရေး အခြေခံစည်းမျဉ်းလမ်းညွှန်ချက်များ* တွင် ကော်ပိုရေးရှင်းနှင့် အစိုးရများ၏ တာဝန်ရှိမှု နှစ်ခုစလုံးကို ရှင်းလင်းစွာ ဖေါ်ပြထားသည်။ "လူ့အခွင့်အရေးချိုးဖောက်မှုများမှ ကာကွယ်၊ လေးစား၊ ကုစား" ပေးရမည်ဟုဆိုထားသည်။ ၎င်းနည်းလမ်းသစ်များကို အတိတ်ကာလနှင့် လက်ရှိ ချိုးဖောက်မှုတိုင် ကြားချက်များ အတွက် တရားရေးရှေ့နေများက အသုံးပြုလာလိမ့်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသား (အမေရိကန်အစိုးရ၏ အမည်မည်းစာရင်းတွင် ရှိနေသေးသူတချို့) နှင့် အစိုးရအား နည်းပညာအကူအညီ (သို့မဟုတ်) ၎င်းတို့ နိုင်ငံပိုင် သီးခြားကုန်သွယ်မှုဆောင်ရွက်နေသူများနှင့် ရင်းနှီးမြှုပ်နှံသူများ ဖြစ်လာနိုင်ခြင်း ရှိမရှိကိုတော့ စောင့်ကြည့်ရပေမည်။

ယခင်စစ်အစိုးရနှင့် စစ်တပ်စီးပွားရေးလုပ်ငန်းများနှင့်နီးစပ်သူ ခရိုနီစီးပွားရေးသမားများသာ မြန်မာနိုင်ငံ စီး ပွားရေးဖွံ့ဖြိုးတိုးတက်မှုမှ အကျိုးခံစားခွင့် အများဆုံး ရနိုင်သူများဖြစ်သည်။ ဆက်လက်ပွင့်လင်းလာသည် နှင့်အမျှ သူတို့၏ အခြေအနေသည်လည်း ခြိမ်းခြောက်မှု ရှိလာနိုင်သည်။ မြေယာများ ဆက်လက်ထိန်းသိမ်း ထားခြင်းကြောင့် နောက်ဆက်တွဲ ချိုးဖောက်မှုများ ဆက်လက်ဖြစ်လာနိုင်သလို နိုင်ငံရေးအာဏာလျော့ကျ လာသည်နှင့်အမျှ အခွင့်ထူးခံလူတန်းစားအဆင့်အတန်းပါ ဆုံးရှုံးခံရမည့် အရေးရှိနေသည်။[38] လက်ရှိတွင် ခရိုနီအများစုက သူတို့ကိုယ်သူတို့ တရားဝင်သော၊ အပြုသဘောဆောင်သော လူမှုရေးဆောင်ရွက်သူများ အဖြစ် ပြန်ပုံဖေါ်နေကြသော်လည်း အတိတ်ကာလ၎င်းတို့ တာဝန်ရှိမှုများကို ဖေါ်ထုတ်ပါက အဆိုးဖက် သို့မဟုတ် အကောင်းဖက် သို့လားနိုင်သော အခြေအနေတခုခုတော့ ဖြစ်လာနိုင်သည်။ အလားတူအခြေ အနေသည် အစိုးရမဟုတ်သော တချို့လက်နက်ကိုင်အဖွဲ့အစည်းနှင့်လည်း သက်ဆိုင်သည်။ ၎င်းတို့၏ အဖွဲ့ အစည်းဝင်ငွေအများစုသည် တရားမဝင်ကူးသန်းရောင်းဝယ်မှုအပေါ်တွင် များစွာမှီတည်နေခြင်းကြောင့်ဖြစ်သည်။

34 ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်သည် မြန်မာအစိုးရအား နောင်တွင် ငွေအလုံးအရင်းနှင့် ထုတ်ချေးနိုင်သော အခြေအနေမျိုးဖြစ်လာစေရန်အတွက် လိုအပ်ချက်များပြင်ဆင်ပေးခြင်း၊ အရည်အချင်းမြှင့်တင်ပေးခြင်းများကို အဓိကထားဆောင်ရွက်နေသည်။ Asian Development Bank, "ADB-Myanmar Partnership Strategy," www.adb.org/countries/myanmar/strategy; World Bank, "Myanmar Overview: Strategy," April 2013, www.worldbank.org/en/country/myanmar/overview ကြည့်ပါ။

35 Extractive Industries Transparency Initiative, "Myanmar Appoints EITI Lead," December 17, 2012, http://eiti.org/news/myanmar- appoints-eiti-lead

36 Sam Zarifi and Benjamin Zawaki, "Myanmar needs an effective legal system, and so do its foreign investors," *South China Morning Post*, March 28, 2013.

37 ၂၀၀၀ ခုနှစ်တွင် လော့အယ်ဂျယ်လိစ်ခရိုင်တရားရုံးက စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများ သိသိနှင့် နိုင်ငံခြားကုမ္ပဏီများ ပါဝင်ခြင်းနှင့် ပိုက်လိုင်းတည်ဆောက်ခြင်းမှ အကျိုးကျေးဇူးရရှိခြင်းကြောင့် UNOCAL အား လူ့အခွင့်အရေးချိုးဖောက်မှုနှင့် တရားဆွဲခွင့်ပေးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် UNOCAL က အမှုကိုကျေအေးခဲ့ပြီး တရားလိုရွာသားများအား လျော်ကြေးငွေပေးခဲ့သည်။ www.earthrights.org/legal/doe-v-unocal-case-history ကြည့်။

38 International Crisis Group, *Myanmar: the Politics of Economic Reform, July 27, 2012*.

## ငြိမ်းချမ်းရေးတည်ဆောက်ခြင်း

မြန်မာနိုင်ငံ၏ အခု ၂၀ မကသော ပဋိပက္ခများ၏ ရေရှည်ခံဖြေရှင်းမှုသည် အဓိကကျသော နိုင်ငံရေးနှင့် အခြေခံ ဥပဒေလုပ်ငန်းဘောင်၊ အမျိုးသားရေးနှင့် ပြည်မ၊ပြည်နယ် အတူယှဉ်တွဲနေထိုင်မှု၊ ကိုလိုနီခေတ် အမွေ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချခြင်းတွင် ပါဝင်ရမှု၊ အကျိုးခံစားခွင့်ရရှိမှု စသည့်အရာများနှင့် မဖြစ်မနေ ပတ်သက်နေသည်။[39] နှစ်ဖက်ပူးတွဲကိုင်တွယ်ဖြေရှင်းနိုင်မည့် ဘုံသဘော ဆောင်သော ကိစ္စရပ်များရရှိရန် ဆွေးနွေးညှိနှိုင်းမှုများစွာလုပ်ဆောင်ပြီး လုပ်ငန်းဘောင်တခုရရှိရန် ဘက် ပေါင်းစုံမှ အားထုတ်နေသော်လည်း တချို့သောအဖွဲ့အစည်းများက သီးခြားပဋိပက္ခ သို့မဟုတ် အစုအဖွဲ့များ ကို ရည်ညွှန်းနေဆဲဖြစ်သည်။ ၎င်းမတူညီမှုကြားမှ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုကိစ္စအတွက် ဘုံသဘောချည်းကပ်မှုများ ထွက်လာ မလာကိုတော့ စောင့်ကြည့်ရမှာဖြစ်သည်။ နိုင်ငံရေးအရ အကျဉ်းချမှု၊ နှိပ်စက်ခံမှု ခံစားခဲ့ရသော မြို့ပြနိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၊ ရွှေ့ပြောင်းခံရမှု၊ သတ်ဖြတ်မှုများခံခဲ့ရသော ကျေးရွာသားများကို စစ်အစိုးရက နိုင်ငံတော်၏ ရန်သူများ၊ ၎င်းတို့၏ အာဏာကို ခြိမ်းခြောက်သူများဟု ဘုံမှတ်ယူထားသည်။ သို့သော် မတူညီသော အခြေအနေ နှစ်ရပ်အောက်တွင် ခံစားခဲ့ရသူများအတွက် ပြန်လည်ကုစားပေးရာတွင် နာကျင်မှုပမာဏ၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးစီးပွားရေး မတူကွဲပြားမှုအားလုံးကို ထည့်သွင်းစဉ်းစားရမည်။ ထို့အပြင် လုံခြုံရေးနှင့် တရားရေး အင်စတီကျူးရှင်းများက ယခင်တိုက်ခိုက်ရေးသမားဟောင်းများနှင့် အရပ်သားပြည်သူများအားခန့်အပ်ရာတွင် ထိုသူများသည် ယခင်နှင့် အခု အစိုးရလက်ထက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိမရှိကို စစ်ဆေး သင့်သည်။ ၎င်းအင်စတီကျူးရှင်းအလိုက် တာဝန်ထမ်းဆောင်သူများသည် ၎င်းအင်တစီကျူးရှင်းများ၏ ဂုဏ်သိက္ခာအပေါ် လွှမ်းမိုးမှုရှိသည်။[40] ပြည်တွင်းနှင့် နိုင်ငံတကာ ပိုမိုပါဝင်ဆောင်ရွက်လာသည်နှင့်အမျှ လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်မှု ပိုများလာသည့်အပြင် ဘုံတူညီချက်များ ရယူသည့်အခါ ပိုမိုခိုင်မာ လာ မည်ဖြစ်သည်။ စစ်အေးခေတ်လွန် ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် တာဝန်ခံမှုနှင့် တရားရေးပြုပြင် ပြောင်းလဲရေး စကားလုံးများကို အများဆုံးတွေ့ရှိရသည်။ ရွေးကောက်ပွဲနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲ ရေးကိုလည်း မကြာခဏဆိုသလို အများဆုံးတွေ့ရတက်သည်။[41]

မြန်မာနိုင်ငံတွင် နောက်ထပ်အရေးပါသော နယ်မြေတခုမှာ ငြိမ်းချမ်းရေးအတွက် လူထုအခြေပြုအဖွဲ့အစည်း များ ဖိုရမ်နှင့် နိုင်ငံတကာငြိမ်းချမ်းရေးအထောက်အပံ့အုပ်စု (IPSG) ကဲ့သို့သောအစိုးရမဟုတ်သော အဖွဲ့ အစည်းများ၏ အားထုတ်ချက်ဖြစ်သည်။ IPSG သည် သတင်းအချက်အလက်များ မျှဝေခြင်း၊ တရားဝင်နှင့် တရားမဝင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ချိတ်ဆက်ပေးခြင်း စသည်တို့ဆောင်ရွက်သည်။ တချို့ငြိမ်းချမ်း ရေး ဆွေးနွေးပွဲများတွင် နောက်ထပ်ဆွေးနွေးမည့်အကြောင်းအရာများအဖြစ် တရားမျှတမှု ကိစ္စရပ်များကို စတင်ဆွေးနွေးနေကြသည်ဟူသော ညွှန်ပြချက်များရှိနေသည်။[42]

ဥရောပသမဂ္ဂနှင့် DfID အပါအဝင် ၎င်းလုပ်ငန်းများတွင် ပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သူများ သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအရေးအပြင် အတိတ်ကာလအဖြစ်အပျက်များ အရေးပြောဆိုသော အဖွဲ့အစည်းများအတွက် ဆက်လက်ကူညီပေးသင့်သည်။

မြန်မာငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) အား အစိုးရ၏ တရားဝင်ခွင့်ပြုချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ မူဝါဒအရ ထိန်းညှိ၊ ညှိနှိုင်းဆောင်ရွက်နိုင်ရန် တည်ထောင်ခဲ့သည်။ အစိုးရ၏ ငြိမ်း

---

39 Ashley South, *Prospects for Peace: Opportunities and Threats*, PRIO, 2012; "Ending Burma's conflict cycle? Prospects for ethnic peace," Transnational Institute, February 2012.

40 For a discussion on transitional political arrangements, power sharing and power dividing, see Charles T. Call, *Why Peace fails: The Causes and Prevention of Civil War Recurrence*, Georgetown University Press, 2012.

41 A World Bank and UNDP Statebuilding project that followed the Paris Aid Effectiveness declaration examined 27 peace agreements since 1989. Although "overall almost all agreements include at least one justice-related provision," unlike elections and security reform, the justice provisions had fewer references to international assistance in implementation. Astri Suhrke, Torunn Wimpelmann, and Marcia Dawes, *Peace Processes and Statebuilding: Economic and Institutional Provisions of Peace Agreements*, Chr. Michelsen Institute, 2007, 24–26.

42 ၂၀၁၃ ခုနှစ် ဧပြီလတွင် ငြိမ်းချမ်းရေးအတွက် လူထုအခြေပြုဖိုရမ်အစည်းအဝေးတခုတွင် ပထမဦးဆုံးအကြိမ်အဖြစ် တရားမျှတမှုနှင့် ငြိမ်းချမ်းရေးအကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပြီး အစည်းအဝေးတက်ရောက်သူများက အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအကြောင်းနှင့် ၎င်းလုပ်ငန်းများအား ဆက်လက်ဆွေးနွေးရန် သဘောတူခဲ့သည်။

ချမ်းရေးကော်မတီတခုပင်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် one-stop ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းဖြစ်သည်။ MPC သည် ငြိမ်းချမ်းရေးအတွက်နိုင်ငံတကာ အထောက်အပံ့များ တဆင့်စီးဆင်းပေးသော နေရာတခုလည်းဖြစ်သည်။[43] ၂၀၁၄ ခုနှစ် အစောပိုင်းတွင် တိုင်းရင်းသားအတိုက်အခံအုပ်စုများက ငြိမ်းချမ်းရေးနှင့် တွေ့ဆုံဆွေးနွေးရေး ပြည်ထောင်စု အင်စတီကျူ့ကိုဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင် အဖွဲ့အစည်းများ အပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းများအတွက် အစိုးရနှင့် တွေ့ဆုံဆွေးနွေးသည့်အခါ "ဘုံရပ်တည်ချက်အသံ" ထုတ်ဖေါ်နိုင်ရေးအတွက် သုတေသနနှင့် လေ့လာရေးဌာနတခုဖြစ်သည်။ သို့သော် ၎င်းအဖွဲ့အစည်းများသည် နိုင်ငံရေးဆွေးနွေးပွဲအတွက် လုပ်ငန်းဘောင်တခုအတွက် သဘောတူညီချက်ရရှိသည်နှင့်တပြိုင်နက် များစွာသော အကြောင်းအရာများအတွက် မည်သို့ဝန်ဆောင်မှုပေးမည်ကို ယခုအချိန်အထိမရှင်းလင်းပေ။ အစိုးရသည် ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံရေးဆွေးနွေးပွဲ အပါအဝင် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး သဘောတူစာချုပ်များ အဆုံးသတ်ရန် မျှော်လင့်ချက်သည် အလွန်မျှော်မှန်းချက် ကြီးလွန်းလှသည်ဟု လုပ်ငန်းစဉ်တွင် ပါဝင်နေသူ အများအပြားက မှတ်ယူသည်။

လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်ပြီး တိုင်းရင်းသားများ၏ နက်နက်နဲနဲ မကျေနပ်မှုနှင့် လုပ်ငန်းစဉ်တွင် လူထုပါဝင်မှုပိုများလာနိုင်သည့်အလားအလာများရှိသောကြောင့် နောင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တရားမျှတမှုဖြစ်နိုင်ချေများ ဆွေးနွေးလာနိုင်သည်ဟု မြင်ရသည်။ ချက်ချင်းလက်ငင်းလူထုလိုအပ်ချက်အတွက် ဖြေရှင်းပေးသည့်ကိစ္စများတွင်ပင် လူသားချင်းစာနာသော အေဂျင်စီများနှင့် တခြားသော အုပ်စုများသည် တရားဝင်အသိအမှတ်ပြုထားသော လုပ်ငန်းများ အတွက်ပင် ဒေသခံတိုင်းရင်းသားများ၏ မယုံကြည်မှုမြင့်မြင့်မားမားရှိနေသည်ကို တွေ့ရသည်။ တချို့အဖွဲ့အစည်းများက ဖွံ့ဖြိုးမှုအထောက်အပံ့များပေးခြင်းအား ကိုယ်ပိုင်အုပ်ချုပ်ရေးမှသည် သာမန်စီးပွားရေးအရ ခံစားမှုမရှိသည့် အခြေခံမကျေနပ်ချက်များကို လျှော့ကျသွားစေရန်အတွက် ပေးနေကြသည်ဟု သံသယနှင့်ရှုမြင်သည်။ ယုံကြည်မှု တည်ဆောက်ခြင်းတွင် အတိတ်ကာလ အမှားများကို အသိမှတ်ပြုခြင်းဖြင့် အပါအဝင် တခြားနည်းလမ်းများအသုံးပြု၍ ၎င်းအစိုင်အခဲများကို လျော့ပါးသွားစေနိုင်သည်။ ပဋိပက္ခဖြစ်ပွားရာဒေသများအတွက် လူသားချင်းစာနာသော လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ထိရောက်စေရန်၊ တာရှည်ခံစေရန်အတွက် အလှူရှင်၏ အကူအညီပေးမှုတွင် ယုံကြည်မှုနည်းသည့် ကိစ္စကို ထည့်သွင်းထားရမည်။[44] တချိန်တည်းတွင် နည်းဗျူဟာအဆင်ပြေစေရေး ဟန်ဆောင်လုပ်ရပ်များထက်ပိုသော လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။ အာဏာရှင်စနစ်မှသည် နိုင်ငံသားများအား အခြေခံ နိုင်ငံသားအခွင့်အရေးနှင့်အညီ လေးစားလိုက်နာပါသည်ဟူသော ရိုးသားသည့် အပြောင်းအလဲဖြစ်ကြောင်း နိုင်ငံသားများကို ရိုးသားသောလုပ်ဟန်ဖြင့် ဆွဲဆောင်ရမည်။

၂၀၁၃ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ငြိမ်းချမ်းရေးသဘောတူစာချုပ်များရေးဆွဲသည့်အခါ လိင်အကြမ်းဖက်မှုအား လွတ်ငြိမ်းချမ်းသာခွင့်မပေးရေး ကတိကဝတ်ပြုခြင်းကို နိုင်ငံပေါင်း ၁၁၃ နိုင်ငံက ထောက်ခံအားပေးခဲ့သော်လည်း မြန်မာအစိုးရက ထောက်ခံရန် ငြင်းပယ်ခဲ့သည်။ လက်နက်ကိုင်အဖွဲ့အစည်းများ ကလည်း ၎င်းတို့၏ တရားမဝင်မှုအဆင့်အတန်းကြောင့်သာမကပဲ ၎င်းတို့ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တွန်းအားပေးကောင်းပေးနိုင်သည့် အန္တရာယ်ရှိနေသည်။ ရာဇဝတ်မှုအရ တရားစွဲမှုများကိုပါ အဟန့်အတားဖြစ်သွား စေနိုင်သည်။[45] ကြားဝင်စေ့စပ်သူများ နိုင်ငံတကာ လမ်းညွှန်ချက်များတွင် နိုင်ငံတကာနှင့်သက်ဆိုင်သောရာဇဝတ်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်မပေးသော နိုင်ငံတကာ လူ့အခွင့်အရေးစံသတ်မှတ်ချက်များနှင့် လိုက်နာရန် အရေးကြီးကြောင်း အသိအမှတ်ပြုထားခြင်းကို အလေးဂရုပြုမှတ်သားသင့်သည်။[46]

---

43 ဥပမာ ဂျပန်၊ အီးယူနှင့် တခြားနိုင်ငံများ။

44 မယုံကြည်မှုအတိမ်အနက်ကို အထင်သေး၍ မရပေ။ ကျောက်ကြီးဒေသအတွင်းရှိ နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူများအတွက် မြန်မာငြိမ်းချမ်းရေးအထောက်အပံ့အဖွဲ့က ကနဦးစမ်းသပ်အရေးပေါ်အကူအညီပေးသည့်အပေါ် ဒေသခံလူထုနှင့် အကြံပြုဆွေးနွေးခြင်း အပြည့်အဝမရှိသည့်အပေါ် လူထုက ဆန္ဒထုတ်ဖေါ်ပြသခဲ့သည်။

45 ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ရေးထိုးထားသော အပစ်ရပ်သဘောတူစာချုပ်တွင် ရာဇဝတ်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်အဖြစ် အဓိပ္ပါယ်ကောက်ယူနိုင်သော အခန်းတခန်းပါရှိသည်။ သို့သော် ၎င်းအခန်းတွင်ပင် CNF သို့မဟုတ် ဆက်စပ်သူများအား ဖမ်းဆီးခြင်းကို ကန့်သတ်ထားသည်ဟု အဓိပ္ပါယ်ယူနိုင်သည်။ "ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးအလုပ်အဖွဲ့အနေနှင့် သမ္မတထံသို့ CNF နှင့် CAN စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ အဖွဲ့အစည်းနှင့်ပတ်သက်၍ ဖမ်းဆီးခံ၊ အကျဉ်းကျခံနေရသူများကို သဘောတူလက်မှတ်ရေးထိုးသည့်အချိန်မှ စ၍ လွတ်ငြိမ်းချမ်းသာပေးရန်အတွက် ဆက်လက်တင်ပြရန် သဘောတူသည်" ဆိုသည်။ ချင်းအမျိုးသားတပ်ဦးနှင့်အစိုးရသဘောတူစာချုပ်။ အမျိုးသားအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် တွေ့ဆုံဆွေးနွေးရေး အစည်းအဝေးများသို့ လက်နက်ကိုင်အဖွဲ့အစည်းမှ အဖွဲ့ဝင်များ အဖမ်းအဆီးမရှိ ခရီးသွားလာနိုင်ရန် ခွင့်ပြုထားခြင်းအား နိုင်ငံတကာလူသားချင်းစာနာသော ဥပဒေချိုးဖောက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဟု အဓိပ္ပါယ်ပြန်ဆိုနိုင်သည့် အန္တရာယ်ရှိနေသည်။

46 ကုလသမဂ္ဂကြားဝင်စေ့စပ်သူများသည် လူသားမျိုးနွယ်တခုလုံးအား ဆန့်ကျင်သောပြစ်မှုများ၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးပြုန်းသတ်ဖြတ်မှုများ သို့မဟုတ် ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်အား သဘောတူစာချုပ်များတွင် ပါဝင်ရန် သဘောတူညီမှု မပြုနိုင်ဟု ၂၀၀၅–၆ ခုနှစ်

ကချင်ပြည်နယ်တွင် နှေးကွေးစွာ၊ သတိကြီးစွာ ဆောင်ရွက်နေသော်လည်း နိုင်ငံရေးဆွေးနွေးပွဲဆီသို့ တိုးတက်မှုများ ရှိနေသည်။ လက်နက်ကိုင်အဖွဲ့ တဒါဇင်ကျော်ပါသော NCCT နှင့် အစိုးရ၏ တွေ့ဆုံညှိနှိုင်းရေးအဖွဲ့များသည် ၂၀၁၃ ခုနှစ်ဒီဇင်ဘာလတွင် တတိုင်းပြည်လုံးအပစ်ရပ် သဘောတူစာချုပ်အတွက် မူကြမ်းများဖလှယ်ခဲ့သည်။ ထိုအချိန်မှစ၍ အလွတ်သဘောနှင့်နည်းပညာ အထောက်အကူပြု အစည်းအဝေးများကို ကျင်းပ၍ မူကြမ်းနှစ်ခုကိုအခြေခံ၍ ဆွေးနွေးခဲ့ကြရာ ၂၀၁၄ ခုနှစ် ဧပြီလအလယ်တွင် အခန်း ၇ ခန်းပါဘုံသဘောတူညီချက်တခု ရရှိခဲ့သည်။ တိုင်းရင်းသားအစုအဖွဲ့များ အကြားတွင် ၁၉၄၇ ခုနှစ်ပင်လုံသဘောတူညီချက်သို့မဟုတ် အလားသဏ္ဍာန်တူသော ပင်လုံစိတ်ဓါတ်ကို အခြေခံသော ဆွေးနွေးမှုများစရန် အရေးကြီးသည်ဟု  ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားပုံရသည်။ NCCT တွင်လည်း ပါသော အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများပါ ပါဝင်ဖွဲ့စည်းထားသည့် WGEC (တိုင်းရင်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့) က ခေါင်းစဉ် ၁၉ ခုပါသော အလုံးစုံသောအမျိုးသားရေး တွေ့ဆုံဆွေးနွေးပွဲ လုပ်ငန်းစဉ်ကိုတင်ပြထားသည်။ ထို့အပြင် ညီလာခံမှဆင့် သဘောတူထားသော ကိစ္စရပ်များစွာအတွက် လုပ်ငန်းအဖွဲ့နှင့် ဘာသာရပ်အလိုက်လုပ်ငန်းကော်မတီများက တခုချင်းအပေါ် နောက်ခံသမိုင်းကြောင်းနှင့် ဖြစ်နိုင်ချေ မူကြမ်းများကို တင်ပြထားသည်။[47]

ယခုအချိန်အထိ အစိုးရ၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့က ပွင့်လင်းမှုနှင့် ပြုလွယ်ပြောင်းလွယ်ဖြစ်မှုကို ဖော်ပြထားသည်။ သို့သော် အချိန်ကာလအရ စောလွန်းလှ သေးသော်လည်း ဥပမာ တိုင်းရင်းသားလူနည်းစုများအပေါ် ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် အလေးပို၍ အသိအမှတ်ပြုချိန်တွင်  လက်ရှိမွတ်ဆလင် ဆန့်ကျင်ရေး အကြမ်းဖက်မှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အားအပေါ် မည်မျှသက်ရောက်မှု ရှိနိုင်သည်ကို ပြောရ ခက်နေသေးသည်။ တာဝန်ခံမှုနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ချည်းကပ်ဆောင်ရွက် သည့်အခါတွင် တဖွဲ့ကိုသာစေ၊ နောက်တဖွဲ့ကိုနာစေဆိုသည့်ခွဲခြားမှုပုံစံမျိုးမဖြစ်စေရန် သတိကြီးစွာ ရှိရန်လိုအပ်သည်။ ကိုယ်ပိုင်လက္ခဏာ သတ်မှတ်ချက်အပေါ်အခြေခံသော အခွင့်အရေးများ အသိအမှတ်ပြုခြင်းနှင့် ပြန်လည်လျော်ကြေးပေးခြင်းကိစ္စရပ်များ အပါအဝင်ဖြစ်သည်။ ဤနေရာတွင် ကိုလိုနီခေတ်မူဝါဒများ အကျိုးဆက်ကလည်း ပါဝင်နေပြန်သည်။ ဗြိတိသျှအုပ်ချုပ်ရေးအောက်တွင် "ပြည်မ" နှင့် တောင်တန်းဒေသဟု ခွဲခြားထားသည်။ ဗြိတိသျှ အုပ်ချုပ်မှုအောက်တွင် တချို့တိုင်းရင်းသားများကို ဗြိတိန်တပ်ဖွဲ့တွင်အမှုတော်ထမ်းခွင့် အထူးအခွင့်အရေးရပြီး ဗမာများဦးဆောင်သော ကိုလိုနီသူပုန်ထမှု နှိမ်နင်းရာတွင် အသုံးပြုခဲ့သည်။ နောက်ဆုံးတွင် တချို့တိုင်းရင်းသားအုပ်စုများက ၎င်းတို့လိုအင်ဆန္ဒကိုဖယ်၍ တိုင်းပြည်လွတ်လပ်ရေးအတွက် ပြင်ဆင်ခဲ့ကြသည်။[48]

တွင် ပြန်လည်ပြင်ဆင်ထားသော United Nations Guidance for Effective Mediation တွင် ရှင်းလင်းစွာ ပြဋ္ဌာန်းထားသည်။ Priscilla Hayner, *Negotiating Justice: Guidance for Mediators*, Centre for Humanitarian Dialogue and International Center for Transitional Justice, 2009. ကြည့်ပါ။

47 မူကြမ်းသဘောတူညီချက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးအား "တရားမျှတမှုနှင့် စစ်မှန်သော ငြိမ်းချမ်းရေး" အတွက် လိုအပ်ချက်ပေါ် သဘောတူကြရန်နှင့် နှစ် ၆၀ ကျော် ပဋိပက္ခကြောင့် အနာတရဖြစ်မှုများကို အသိအမှတ်ပြုရန် အကြံပြုထားသည်။ "တိုင်းရင်းသားများအပေါ် ကျူးလွန်သော သမိုင်းကြောင်းအရ မတရားမှုများ" ကို ဖြေရှင်းပေးရန် လုပ်ငန်းယန္တရားတခု ဖန်တည်းရန်ဟူသောအကြံပြုချက်ကို ပိုမိုကောင်းမွန်သောညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၏ အကြံပြုတင်ပြချက်များတွင် တွေ့ရသည်။ နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်ပြီးမြောက်သည့်အခါတွင်  အသွင်းကူးပြောင်းရေးဆိုင်ရာတရားမျှတမှု လုပ်ငန်းစဉ်တခု ဖြစ်ဖို့အရေး မျှော်မှန်းထားသည်။

48 သမိုင်းကြောင်းအရအရေးပါသောလည်း ပင်လုံလုပ်ငန်းစဉ်သည် အားလုံးပါဝင်နိုင်ခြင်း (ကချင်၊ ချင်းနှင့် ရှမ်းသာပါဝင်ခဲ့သည်။) မရှိသလို ထိုအချိန်အခါက အငြင်းပွားဖွယ်တခုလည်းဖြစ်ခဲ့သည်။ Matthew J. Walton, "Ethnicity, Conflict and History in Burma: The myths of Panglong," *Asian Survey*, Vol. 28 No. 6 (2008), 889–910.

# ၅။ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအတွက် မြည်းစမ်းကြည့်ခြင်း

လူထုဆန္ဒထုတ်ဖော်ခွင့်အတွက် အခွင့်အလမ်းပိုများလာခြင်းကြောင့် တရားမျှတမှုပါသော တောင်းဆိုချက်များ ပါ ရောသွန်းပါလာသည်။ တဖက်တွင် လွန်ခဲ့သော ၃ နှစ်မှ စရခဲ့သည့် အသစ်စက်စက်လွတ်လပ်မှုကို ခံစားလိုသည်ကိုလည်း နားလည်ပေးရမည်။ စစ်တပ်အတွင်းမှသော်လည်းကောင်း တခြားဖျက်လိုဖျက်ဆီး လုပ်လိုသူများမှသော်လည်းကောင်း လက်ရှိဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲမှုကြောင့် ၎င်းတို့ ရနေသော၊ ရခဲ့သော အထူးအခွင့်အရေးများ ဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် အနှောင့်အယှက်ပေးမည်ကို လူအများက စိုးရိမ်ကြသည်။ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများကလည်း ၎င်းအခြေအနေထိရောက်အောင် တွန်းအား မပေးရန် စိုးရိမ်သည်။ ရာဇဝတ်မှုတာဝန်ခံမှုနှင့် တိုက်ရိုက်ပတ်သက်သည်။ သို့သော် အတိတ် ကာလအတွက် တာဝန်ခံမှုအတွက် တခြားသောပုံစံများနှင့် ရင်ဆိုင်ဖြေရှင်းရန် အားထုတ်မှုများသည် မျက်နှာပြင်သို့ မတက်လာသေးသည်သာ ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ဒီမိုကရေစီအရေးလှုပ်ရှားတက်ကြွသူများထံမှာ အသိအမှတ်ပြု လက်ခံရေး၊ ပြန်လည်ကုစားရေးအတွက် တောင်းဆိုမှုများသည် လူထုလှုပ်ရှားမှုများအကြား မြင့်တက်လာနေသည်။ သူတို့ဘဝ၏ အဓိပ္ပါယ်အရှိဆုံးအချိန်များကို ညှဉ်းပန်းနှိပ်စက်ခံ၊ လူသားမဆန်စွာဆက်ဆံခံ၊ နိုင်ငံရေးအကျဉ်းစံဘဝနှင့် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများက သူတို့ခံစားခဲ့ရသမျှကို ဂုဏ်ပြုရန် ပြန်လည်ပျိုးထောင်ရန် အတွက် အားပေးမှုများ ရှိနေသည်။[49] ၈ လေးလုံး အရေးတော်ပုံ ၂၅ နှစ်မြောက်အခမ်းအနားတွင် အသိအမှတ်ပြုခြင်း တောင်းဆိုမှုသည် လူသိများထင်ရှားခဲ့သည်။ စစ်တပ်၏ ကျူးလွန်မှုတခုတည်းကြောင့်သာမဟုတ်ပဲ လူ့အခွင့်အရေးချိုးဖောက်မှုခံခဲ့ရသူများက ၎င်းတို့၏ ခံစားချက်များကို စတင်ပုံနှိပ်ထုတ်ဝေနေသည်။ ရန်ကုန်လက်ဖက်ရည်ဆိုင်များတွင် ၎င်းအကြောင်းအရာများကို လွတ်လပ်စွာ ပြောဆိုဆွေးနွေးနေကြသည်။ သာဓကအားဖြင့် စစ်အစိုးရ၏ ဝါဒဖြန့်ချိမှုကို အားပေးအားမြှောက်ပြုရာရောက်မှာ စိုးသည့်အတွက် နှစ်ပေါင်း ၂၀ ကျော်ကြာ နှုတ်ပိတ်နေခဲ့သော ၁၉၉၂ ခုနှစ်အတွင်း နှိပ်စက်ခံ၊ အသတ်ခံခဲ့ရသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ရဲဘော်ဟောင်းများက စတင် ထုတ်ဖော်ပြောဆို နေကြပြီဖြစ်သည်။ တရားဥပဒေကြောင်းအရနှင့် ဥပဒေကြောင်း ပြင်ပနည်းလမ်း နှစ်ခုစလုံးနှင့်ပါ စုံစမ်းမှုများ လုပ်ဆောင်နေဆဲ ဖြစ်သည်။[50]

အတိတ်ကာလအကြမ်းဖက်မှုများနှင့်ပတ်သက်၍ လူထုအောက်မေ့ဖွယ်အခမ်းအနားများ ကျင်းပနိုင်ခြင်း သာမက တရားဝင်ခွင့်ပြုချက်ပင် ရနေသည်။ ၂၀၁၃ ခုနှစ်တွင် ၁၉၈၉ ခုနှစ် သာယာဝတီထောင်ဖြိုခွင်းမှု အောက်မေ့ဖွယ်အခမ်းအနားကျင်းပရာတွင် အသက်ရှင်ကျန်ရစ်ခဲ့သူများက အစိုးရနှင့် လူ့အဖွဲ့အစည်းမှ ၎င်းတို့၏

49 *Associated Press*, “Forgetting the Past is the price of change in Myanmar: 2 years into reforms,” *Washington Post*, March 28, 2013.

50 ABSDF အသက်ရှင်ကျန်ရစ်ခဲ့သူများ၊ဆွေးမျိုးများက တရားစွဲဆိုလိုက်ခြင်း၊ မြန်မာတိုင်းမ်စ်၊ စက်တင်ဘာ ၂၄၊၂၀၁၂။ Bertil Lintner “Old atrocity, new implications,” *Democracy for Burma*, October 31, 2012, quoting a source as saying “if the students after 20 years haven't forgotten and forgiven those who killed their own comrades, what about justice for all those thousands of people who were killed by the military’s bullets in 1988 or were tortured and had to spend most of their youth in dark prison cells?”

ခံစားခဲ့ရမှုကို အသိအမှတ်ပြုရန်၊ လူငယ်မျိုးဆက်များမှ နမူနာယူရန်နှင့် ထိုကဲ့သို့ ရက်စက်မှုများထပ်မဖြစ်ရန် တက်ကြွသူများအနေနှင့် ကာကွယ်ဟန့်တားကြရန် တောင်းဆိုခဲ့ကြသည်။ သာယာဝတီထောင်အရေးအခင်းတွင် ထောင်အာဏာပိုင်များကအလုပ်ကြမ်းလုပ်ခိုင်းခြင်းကိုဆန့်ကျင်၍ အစာငတ်ခံနိုင်ငံရေးအကျဉ်းသားများကို ရက်ရက်စက်စက်နှိပ်စက်ဖြိုခွင်းခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ် မတ်လအလယ်တွင် လှုပ်ရှားတက်ကြွသူများက လူ့အခွင့်အရေးနေ့ လူထုအားလပ်ရက်အဖြစ် ၎င်းတို့သတ်မှတ်ထားသောနေ့တွင် အတိတ်ကာလသတ်ဖြတ်မှုများအတွက် အသိအမှတ်ပြုပေးရန်နှင့် နောက်ထပ် ထပ်မဖြစ်ရန် တရားဝင်တောင်းဆိုခဲ့ကြသည်။ အကျဉ်းထောင်အတွင်း သေဆုံးခဲ့သူ နိုင်ငံရေးအကျဉ်းသားများအား ဂုဏ်ပြုသော အခန်းအနားတွင် ၈၈ မျိုးဆက်ခေါင်းဆောင် ကိုမင်းကိုနိုင်က "အကယ်၍ သူတို့တတွေသာ ရိုးသားစွာ အပြစ်ကိုဝန်ခံမယ်ဆိုရင် ကျနော်တို့ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ ပိုပြီးမြန်ဆန်သွားမှာဖြစ်ပါတယ်။" ဟု ပြောဆိုရင်း စစ်အစိုးရကို တာဝန်ယူဖို့ တောင်းဆိုခဲ့သည်။[51] မကြာသေးခင်က ကွယ်လွန်သွားခဲ့သူ အဖွဲ့ချုပ် တည်ထောင်သူ ဦးဝင်းတင်က တောင်းပန်ဖို့ကို ထပ်ဆင့်တောင်းဆိုလိုက်ပြီး လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေးအကူအညီများ နိုင်ငံတော်က ပေးရန် တောင်းဆိုခဲ့သည်။ ဦးဝင်းတင်သည် လွတ်မြောက်လာသောနိုင်ငံရေးအကျဉ်းသားများအတွက် အကူအညီများပေးသော ဦးဝင်းတင်ဖောင်ဒေးရှင်းကို တည်ထောင်ထားသည်။ "ကျနော်တို့က အစိုးရ လုပ်ရမည့် အလုပ်ကို လုပ်ပေးနေရတာဖြစ်တယ်။" ဟု သူ၏ ဖောင်ဒေးရှင်း အခမ်းအနားတခုတွင် ပြောကြားခဲ့သည်။[52]

ရှေ့နေနှင့် လူထုအသိုင်းအဝန်းအဖွဲ့အစည်းများက အခြေခံဥပဒေသစ်မှ ပေးသော အခွင့်အရေးသစ်များ (အကန့်အသတ်တော့ ရှိနေသေးသည်။) ကို စတင် စမ်းသပ်အသုံးပြုလာနေကြသည်။ လက်စတုံးပျောက်ဆုံးမှုများအတွက် တရားရုံးဦးတိုက်စာများတင်ခြင်း၊ မြေယာသိမ်းခံရမှုများအတွက် အချက်အလက်များ စုဆောင်းခြင်း စသည်တို့ အပါအဝင်ဖြစ်သည်။[53] အမြစ်တွယ်နေသော ချစားမှုနှင့် တရားရေးစနစ်လွတ်လပ်မှုမရှိခြင်းတို့ကြောင့် တရားရေးကဏ္ဍတွင် မှန်ကန်သော ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံရေးဆန္ဒမရှိပါက ၎င်းအားထုတ် ချက်များအတွက် ရလဒ်ကောင်းများ ရှိလာဦးမည် မဟုတ်ပေ။ တချိန်တည်းတွင် စနစ်ကို စိန်ခေါ်ခြင်းမျိုးလုပ်ဆောင်ခြင်းဖြင့် ပြုပြင်ပြောင်းလဲခြင်းကို မည်သည့်နေရာတွင် တိုက်ရိုက်ဆောင်ရွက်သင့်သည်ဟူသော အရေးကြီးသည့် ညွှန်ပြကိန်းများ ရှိလာနိုင်သည်။ တရားရေးလွတ်လပ်မှုကို အုပ်ချုပ်ရေးမှ ဝင်ရောက်စွက်ဖက်နေခြင်း၊ တရားရေးထင်သာမြင်သာရှိမှု၊ အာဏာပိုင်များက ဆက်လက်နိုင်လိုမင်းထက်လုပ်နေသော ဥပဒေများ ဖျက်သိမ်းရေး စသည်တို့ကို ဦးစားပေးအဖြစ်ဆောင်ရွက်သင့်သည်။ USAID နှင့် UNDP အပါအဝင် တရားရေးပြုပြင် ပြောင်းလဲရေးအစီအစဉ်နှင့် ဆောင်ရွက်သော နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သူများသည် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ တရားရေးလုပ်ငန်းစဉ် အားကောင်းလာစေရန်၊ လွတ်လပ်မှုရှိလာစေရန် ဆောင်ရွက်နေကြသော ဒေသခံရှေ့နေများ၊ လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ဆောင်ရွက်နေကြသော နိုင်ငံတကာနှင့် ဒေသခံများအကြား ပုံမှန်အစည်းအဝေးများ ကျင်းပခြင်းသည် အပြုသဘောဆောင်သော ခြေလှမ်းတလှမ်းဖြစ်သည်။

၂၀၁၁ ခုနှစ် တိုင်းရင်းသားလူမျိုးများကောင်စီက ပြုလုပ်သော လေ့လာချက်တွင် အစိုးရရာထူးများတွင် တိုင်းရင်းသားနှင့် ဘာသာရေးအရ ခွဲခြားခန့်အပ်မှုများ၊ ချစားမှုများနှင့် အပစ်ရပ်စဲပြီးသည့်တိုင် အစိုးရအာဏာပိုင်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ဥပဒေအရ ကင်းလွတ်ခွင့်ရနေခြင်းများကို တင်ပြထားသည်။[54] ရှမ်းအဖွဲ့များကလည်း ဘာသာစကားအခွင့်အရေး၊ စစ်ရေးအရ တိုးချဲ့လာမှု၊ လယ်သမားများနှင့် ၎င်းတို့မြေများကို အကာအကွယ်ပေးမှု၊ သဘာဝအရင်းအမြစ်အကျိုးခံစားရမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ပရောဂျက်ကြီးများ၏ နောက်ဆက်တွဲ ပြဿနာများကို အဓိက စိုးရိမ်ချက်များအဖြစ် ပြသခဲ့သည်။[55] အလားတူစွာ ပင် သဘာဝပတ်ဝန်းကျင် ပျက်ဆီးခြင်း၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ မြေယာသိမ်းဆည်းခြင်းများသည် လက်နက်ကိုင် ပဋိပက္ခကြောင့် ပိုဆိုးလာသည်။ ၎င်းချိုးဖောက်မှုများသည် တိုင်းရင်းသားဒေသများတွင်

51 "Calls for Apology Over Deaths in Custody Under Burma's Junta," *The Irrawaddy*, January 2, 2014.

52 "Despite a Frugal Existence, a Former Inmate Spends and Spends," *The Irrawaddy*, December 18, 2013.

53 Ko Htwe, "Burma's Supreme Seat of Power," Democratic Voice of Burma, Jul. 3, 2013 and Simon Denyer, "In Burma, fear gives way to anger toward well-connected business elite," *Washington Post*, March 26, 2013.

54 Paul Keenan, Ethnic Nationalities Council, "Discrimination, Conflict and Corruption: the Ethnic States of Burma," 2011.

55 ၂၀၁၂ ခုနှစ် ဇွန်လတွင် ရှမ်းအဖွဲ့ပေါင်း ၈၀ ကျော်သည် ၎င်းတို့၏ စိုးရိမ်ချက်များကို စုပေါင်းထုတ်ပြန်ပြီးနောက် မြို့နယ် ၃၉ မြို့နယ်မှ ရှမ်းပြည်နေပြည်သူပေါင်း ၂၅၀၀ ကျော်အား စစ်တမ်းကောက်ယူ၍ ရရှိသော အချက်အလက်များကို ၂၀၁၂ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။

ဖြစ်သည်မဟုတ် ထားဝယ်အထူးစီးပွားရေးဇုံ အနီးတဝိုက်တွင်လည်း ဖြစ်ပေါ်နေသည်ကို မြင်တွေ့နိုင်သည်။[56]

တိုက်ခိုက်မှုများကြောင့် အိုးအိမ်မဲ့ လူမှုအသိုင်းအဝန်း၏ တောင်းဆိုချက်များသည်အခြေခံ လုံခြုံမှုနှင့် ကာကွယ်မှုပေးရေးတို့ဖြစ်သည်ဟု လူသားချင်းစာနာသော အေဂျင်စီများက စတင်၍ အစီရင်ခံလာသည်။ စစ်တပ်အင်အား လျှော့ချပေးရေး၊ မိုင်းဖော်ပေးရေး တောင်းဆိုချက်များအပြင် အခြား ဦးစားပေးများဖြစ်သည့် လယ်ယာလုပ်ပိုင်ခွင့်၊ ဖျက်ဆီးပစ္စည်းများအတွက် လျော်ကြေးပေးတောင်းဆိုမှုများ ရှိသည်။ သို့သော် ငြိမ်းချမ်းရေးသဘောတူစာချုပ်များ အခိုင်အမာရယူရန် ခိုင်မာသော နိုင်ငံရေးဖြေရှင်းချက်မရှိပဲ စစ်တပ် သို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့ မဟာဗျူဟာကျ အခိုင်အမာ ခြေကုတ်စခန်းများကို ဖယ်ရှားပေးမည်မဟုတ်ပေ။ လိုအပ်ပါက အရပ်သားများကို မိုင်းရှင်းသူအဖြစ်ပင် အသုံးပြုကောင်း ပြုနိုင်သည်။

မတူညီသော အကျိုးစီးပွားများ၊ တောင်းဆိုချက်များနှင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ သက်ဆိုင်ရာလူမှုအသိုင်းအဝန်းများအကြား ဆက်ဆံရေး ပိုများလာခြင်းကြောင့် အတိတ်ကာလအတွက် တရားမျှတမှု ရှာဖွေရခြင်းမှာ လွယ်ကူသော အလုပ်တခုမဟုတ်ပေ။ တချို့ စေ့စပ်ဆွေးနွေးခြင်းများတွင် ပါဝင်သူအဖွဲ့အစည်းများက ထိုကဲ့သို့သော တောင်းဆိုမှုများကို ပေါ်ပေါ်တင်တင် တင်ပြကြသည်။ သာဓကအားဖြင့် အစိုးရနှင့် ပထမဦးဆုံးဆောင်ရွက်သည့် သဘာတူညီချက်တွင် ကရင်အမျိုးသားအစည်းအရုံးက နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး၊ မြေယာအခွင့်အရေးများအတွက် ဖြေရှင်းပေးရေးနှင့် အတင်းအကြပ်လုပ်အားပေးခိုင်းစေမှုများ ရပ်တန့်ပေးရေးစသည့် အချက်များကို တင်ပြခဲ့သည်။ သို့သော် ကိုယ်တိုင်ခံစားခဲ့သူများ၏ ကိုယ်စားပြုမှု ရယူခြင်းသည် မည်သို့သော တရားမျှတမှု ပုံစံတွင်မဆို အရေးကြီးသည်။ အခုအချိန်အထိ ၎င်းကိစ္စနှင့်ပတ်သက်၍ လုပ်ဆောင်မှု အားနည်းနေသေးသည်။[57] ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန် စိတ်ဝင်စားသူများအတွက် ငွေကြေးနှင့် နည်းပညာအကူအညီပေးခြင်းဖြင့် ကိုယ်စားပြုမှုအမြင်များပို၍ ထည့်သွင်းနိုင်မည်ဖြစ်သည်။

56 ထားဝယ်၊ဒေသအတွင်း မြေယာသိမ်းဆည်းမှုများ၊ *A (inter)national human rights concern*, Paung Ku and Transnational Institute, September 2012. See also *Access Denied: Land Rights and Ethnic Conflict in Burma*, Transnational Institute, May 2013.
57 A noteworthy exception was put together by the Centre for Peace and Conflict Studies as part of its "Listening Project" in mid-2011. Its research was small in scale (23 interviews with civil society leaders and workers in Yangon) and framed around the proposal for an international inquiry into human rights crimes, which has since lost momentum. However, the report remains relevant in its presentation of a range of perspectives on where justice for past abuses fits with other competing priorities, and what form justice and reconciliation mechanisms inside the country might take. See Myanmar Voices on the Commission of Inquiry, Centre for Peace and Conflict Studies, July 2011.

# ၆။ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုလုပ်ငန်းကို ထည့်သွင်းပေါင်းစပ်ခြင်း

အတိတ်ကာလ၏ ခါးသီးသောအချိန်များကို အသိအမှတ်ပြုရန် တောင်းဆိုချက်များသည် ပို၍ကြီးမားလာ၊ အရှိန်ရလာနိုင်သည်ဟု ယခုအစီရင်ခံစာတွင် တင်ပြထားသော အကြောင်းအရာများအနက် အများစုက ထောက်ပြထားသည်။ ထို့ကြောင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ ပါဝင်ဆောင်ရွက်များက အကယ်၍ဖြစ်လာပါက အပြုသဘောဆောင်သည့်နည်းလမ်းဖြင့် ညင်ညင်သာသာ ဖြစ်လာစေရန် မဟာဗျူဟာတချို့ ပြင်ဆင်ထားသင့်သည်။ လက်တလောအချိန်တွင် နောက်ထပ်တဖန် ပဋိပက္ခအသစ်တခုထပ်မဖြစ်လာနိုင်သော အန္တရာယ်ကို လျော့ကျသွားအောင် ပြင်ဆင်ဆောင်ရွက်ထားသင့်သည်။

## အချက်အလက်စုဆောင်းခြင်း/ သုတေသနပြုခြင်း

အတိတ်ကာလနှင့် ရင်ဆိုင်ခြင်း ပထမအဆင့်သည် အောက်ခြေအဆင့်ချည်းကပ်မှုနှင့် အောက်ခြေမှတဆင့် အမျိုးသားအဆင့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်သင့်သည်။ ၎င်းလုပ်ငန်းတွင် စနစ်တကျချိုးဖောက်မှုများ ဖြစ်ပေါ်လာရပုံ၊ ကျူးလွန်ခံရသူနှင့် ကျူးလွန်ခံရသည့် လူ့အသိုင်းအဝန်းအတွက် လုပ်ဆောင်သင့်သည့် အရာများကို နားလည်ရန်၊ တွေ့ရှိချက်များကို မူဝါဒမဖြစ် ပေါ်ထွက်လာစေရန် ပြန်လည်သုံးသပ်ခြင်းတို့ ပါဝင်သင့်သည်။ ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အထောက်အပံ့ပေးခြင်းလုပ်ငန်းတွင်ပါဝင်သော နိုင်ငံခြားသားများအတွက် အတိတ်ကာလရာဇဝတ်မှုများအတွက် တာဝန်ရှိမှုကို လူထုမှ ပေါ်ပေါ်ထင်ထင် တောင်းဆိုခြင်းမရှိဟူသော ဘုံအမြင်ရှိသည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေကုလသမဂ္ဂအထူးကိုယ်စားလှယ်က အမှန်တရားကော်မရှင်လိုမျိုး လွှတ်တော်က ဖွဲ့စည်းရန် ထပ်ခါတလဲလဲ တောင်းဆိုခဲ့သည်။ မြန်မာ့ထိပ်ပိုင်းခေါင်းဆောင်များကတော့ ယင်းတင်ပြချက်ကိုစိတ်ဝင်စားမှု မရှိမှန်းလည်း သိသည်။[58] အဖြေရေရေရာရာ တစုံတရာမရှိသည့် တင်ပြချက်မျိုးဖြစ်သည်။ တရားမျှတမှုနှင့် တာဝန်ခံမှုဆိုကို သက်ဆိုင်သူများကိုယ်တိုင်က မည်မျှတောင်းဆိုနေသနည်း။

စနစ်တကျချိုးဖောက်မှုများအတွက် တာဝန်ခံမှုအား အခွင့်အရေးတခုအဖြစ် မြန်မာ့လူ့အဖွဲ့အစည်းတွင် မရှိခြင်းမှာ အံ့အားသင့်စရာ မဟုတ်ပေ။ ဆယ်စုနှစ်ပေါင်းများစွာ ဖိနှိပ်မှုများ၏ ထုတ်ကုန်ဖြစ်ပြီး လူ့အခွင့်အရေးထက် တိတ်တဆိတ်နေခြင်းက ပိုများသည်။ အခွင့်အရေးတောင်းဆိုမှုကိုအခြေခံသော လူ့အဖွဲ့အစည်းအဖြစ် မြှင့်တင်ရန် ပထမအဆင့်မှာ အခွင့်အရေးများကို သိရှိဖို့ လိုအပ်ပြီး၊ ၎င်းအခွင့်အရေးများကို အာမခံသော နိုင်ငံတော်နှင့် နိုင်ငံသားအကြား ဆက်ဆံရေး ဖြစ်သည်။ တာဝန်ခံမှုနှင့် ဦးစားပေးမှု၏ အားကောင်းချက်ကို အခွင့်အရေးတောင်းဆိုမှုများနှင့် ပတ်သက်၍ ပြည့်ပြည့်ဝဝ သိလာသည့်အခါ အဓိပ္ပါယ်ရှိစွာ ကောက်ယူလေ့လာနိုင်မည်။

58 Report of the Special Rapporteur on the situation of human rights in Myanmar, Tomas Ojea Quintana A/HRC/22/58, March 6, 2013.

ယခုလတ်တလောအချိန် တွင် ပါဝင်ဆောင်ရွက်ခြင်း၏ အကြီးမားဆုံးသော စိန်ခေါ်ချက်များအနက် တခုမှာ လူထုမျှော်မှန်းချက်နှင့် လိုအပ်ချက်များအပါအဝင် မတရားမှုနှင့်ပတ်သက်သော အတွေ့အကြုံများအတွက် ယုံကြည်စိတ်ချရလောက်သော အချက်အလက်များ အားနည်းနေခြင်းဖြစ်သည်။ ဆောင်ရွက်နေဆဲဖြစ်သည့် အခြေအနေပြ လေ့လာမှုများ၊ စစ်တမ်းကောက်ယူမှုများကို ဥပဒေအရ ကင်းလွတ်မှုရနေခြင်းနှင့် လူထု သဘောထား ကိန်းညွှန်းများတွင် ကိုးကားထည့်သွင်းနိုင်သည်။[59] တိုင်းပြည်၏ မတူကွဲပြားမှုကို သုတေသနပြုရာတွင် ထည့်သွင်းစဉ်းရန်လိုအပ်ပြီး အတိတ်ကာလနှင့် လက်ရှိဖြစ်နေသော ပဋိပက္ခများအတွက် မောင်းနှင်နေသည့်အရာတခုအဖြစ်လည်း စဉ်းစားရမည်။

တိုင်းပြည်၏ မတူကွဲပြားမှု ကြီးစွာရှိခြင်းကြောင့် တိုင်းရင်းသားလူမျိုးစု၊ ဘာသာတရား၊ ပထဝီတည်ရှိမှု၊ ပဋိပက္ခသက်ရောက်မှုနှင့် ဖွံ့ဖြိုးမှုအဆင့်များအပေါ် ယေဘုယျကောက်ချ မချမိစေရန် အန္တရာယ်ရှိသည်။ ကျားမ အခြေခံတန်းတူရည်တူမရှိမှု အတွေ့အကြုံများ အထူးသဖြင့် ပဋိပက္ခနေများတွင် ဖြစ်သည့် အတွေ့အကြုံများကို ထည့်သွင်းရန် အရေးကြီးသည်။ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ယေဘုယျလူထုအမြင်များနှင့်အတူ လူ့အခွင့်အရေးချိုးဖောက်မှု သမိုင်းအမွေကို ကုစားမည့် နည်းလမ်းများကိုပါ တပေါင်းတည်း လေ့လာထားရန် လိုအပ်သည်။

လူ့အခွင့်အရေး အခြေခံ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံသား၏ အခွင့်အရေး (ယခင်၊ ယခုနှင့် အနာဂါတ်မည်သည့်အချိန်တွင်မဆို) ချိုးဖောက်မှုများအတွက် ယုံကြည်လောက်ဖွယ်ရှိသော ပြန်လည်ကုစားသည့် နည်းလမ်းများနှင့် ပေါင်းစည်းပေးရန် လိုအပ်သည်။ ထို့အတွက် အဓိကကျသောနည်းလမ်းတခုမှာ လူထုမကျေနပ်ချက်များ၊ တရားမှုများအပေါ် ပြည်သူများအမြင်နှင့် အချိန်နှင့်အမျှ ပိုကြီးလာသည့် ပုံစံများနှင့် ပတ်သက်ပြီး အချက်အလက်ကောက်ယူ၊ သုံးသပ်ခြင်း ပြုလုပ်ရမည်။ ပဋိပက္ခဖြစ်ပွားသည့်နေရာများ (လတ်တလော အပစ်ရပ်ထားသော နေရာများအပါအဝင်) တွင် အကာအကွယ်ပေးခြင်းနှင့် စစ်ရေးအရ အင်အားလျှော့ချခိုင်းခြင်းသည် လူထု၏ စိုးရိမ်ချက်ဖြစ်နိုင်သည်။ ၎င်းပြဿနာများ ပြီးမြောက်သွားသည့် တပြိုင်နက် တခြားစိုးရိမ်ချက်များဖြစ်သည့် အမှန်တရား၊ လျော်ကြေးရပိုင်ခွင့်နှင့် တရားမျှတမှု ကိစ္စရပ်များအပါအဝင် တခြားစိုးရိမ်ချက်များ ချက်ချင်းပေါ်ထွက်လာမည် မဟုတ်ဟု မယူဆသင့်ပေ။

လတ်တလော ဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးဆွေးနွေးမှုများ  လူထုပါဝင်မှုများရှိနေသည့်အပြင် ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင် လူထုပညာပေးလုပ်ငန်းများနှင့် အကြံယူခြင်းလုပ်ငန်းစဉ်များမှတဆင့် အတိတ်ကာလ ချိုးဖောက်မှုများနှင့်ပတ်သက်သော တရားမျှတမှုကိစ္စရပ်နှင့် သတ်ရောက်မှုတို့ကို ဆွေးနွေးနိုင်သည့် အခင်းအကျင်းတခုရရှိလာသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း သုံးသပ်ချက်အရ တိုင်းရင်းသားလူမျိုးစုများ စုဖွဲ့မှုနှင့် ဖြန့်ကျက်မှုကို နားလည်လာလိမ့်မည်ဖြစ်ပြီး ပဋိပက္ခအကဲဆတ်သည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ဖော်ထုတ်ခြင်းအတွက် ဒီဇိုင်းရေးဆွဲရာတွင် မဖြစ်မနေ အရေးပါလာမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်ပြီး အချက်အလက် လက်တွေ့ကောက်ယူခြင်းတွင် ကောက်ယူသည့်ပုံစံ အားနည်းချက်များရှိခဲ့သည်။[60]

ယခုသုတေသနလုပ်ငန်းအတွက် တွေ့ဆုံမေးမြန်းခဲ့သူအများစုသည် အချိန်ကိုက်ဖြစ်မှု၏ အရေးပါပုံကို ထောက်ပြကြသည်။ အဘယ်ကြောင့်ဆိုသော် ပြုပြင်ပြောင်းလဲမှုများသည် အစစ်အမှန်ဖြစ်မဖြစ်ကို ခန့်မှန်းရခက်နေသေးသည်။ အထူးသဖြင့် စစ်တပ်၏ အခန်းကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံများနှင့် ဆက်စပ်နေခြင်းကြောင့်ဖြစ်သည်။ လက်တွေ့ကျသော အချက်အလက်များမှတဆင့် အနာဂါတ်တွင် ပို၍ပြည့်စုံသော အားထုတ်မှုအတွက် အခြေခံကျောရိုးတခု ချမှတ်ကောင်း ချမှတ်နိုင်မည်။

59 A useful tool for this purpose is the *Impunity Watch Research Instrument*: www.impunitywatch.org/en/publication/2

60 သာဓကအားဖြင့် အမျိုးသမီးအိမ်ထောင်ဦးစီးဖြစ်သည့် အိမ်ထောင်စုများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်ကောက်ယူရာတွင် ၎င်းအချက်မှတဆင့် ခင်ပွန်းသည် ဖြစ်သူသည် ပဋိပက္ခကြောင့်သေဆုံးခဲ့သည်လား သို့မဟုတ် ထွက်ပြေးရသည်လား သိနိုင်သည်။

## အင်စတီကျူးရှင်းစွမ်းရည်တည်ဆောက်ခြင်း

အင်စတီကျူးရှင်းများ၏ စွမ်းရည်ပြန်လည်တည်ဆောက်ခြင်းတွင် အထူးသဖြင့် တရားရေးကဏ္ဍအတွက် စွမ်းရည်ပြန်လည်တည်ဆောက်ခြင်းတွင် ထိပ်ပိုင်းပါဝင်မှု (အခြေခံဥပဒေပြုပြင်ပြောင်းလဲခြင်း၊ တရားရေးကဏ္ဍ သီးခြားလွတ်လပ်ခြင်း) များလိုအပ်သည်။ သို့သော် တခြားကဏ္ဍများနှင့်လည်း ဆက်စပ်မှုရှိသည်။ စစ်အစိုးရနှင့် အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်းများ (အမှန်တရားကော်မရှင်၊ အစိုးရဌာနများမှ အလုပ်ထုတ်ပယ်ပစ်ခြင်း၊ လျော်ကြေးခံစားခွင့်ရှိသူများအား သတ်မှတ်ပေးခြင်းစသည့် တရားဥပဒေအရ မဟုတ်သော နည်းလမ်းများအပါအဝင်) အား တစုံတရာ စုံစမ်းစစ်ဆေးမှုများလုပ်ပါက တပ်မတော် မော်ကွန်းတိုက်နှင့် အုပ်ချုပ်ရေးစနစ်အတွင်းမှ အဓိကကျသော သူများ ပါဝင်ဖို့ လိုအပ်နိုင်သည်ဟု ဖြေကြားသူတဦးက မှတ်ချက်ပြုခဲ့သည်။ အသွင်ကူးပြောင်းရေးကာလလက်ရှိအဆင့်တွင် ထိုပုံစံ မဖြစ်နိုင်။ သို့သော် ဥပမာ ဥပဒေပြုပြင်ပြောင်းလဲရေး၊ လူထုအုပ်ချုပ်မှု စွမ်းရည်မြှင့်တင်ရေး မူဝါဒများတွင် သတင်းလွတ်လပ်ခွင့်နှင့် ပွင့်လင်းမြင်သာမှုလုပ်ငန်းများ ထောက်ပံ့ရေးအတွက် အခြေခံကျောရိုးတခု ရေးဆွဲနိုင်သည်။[61]

ကျိုးပဲ့ပျက်စီးနေသော တရားရေးစနစ် သို့မဟုတ် လုံခြုံရေးကဏ္ဍများ ပြန်လည်တည်ထောင်သည့်အခါတွင် အလွန်ခက်ခဲသော စိန်ခေါ်ချက်များ ရှိနေခြင်းကြောင့် အတိတ်ကာလ ချိုးဖောက်မှုများနှင့် နောက်ထပ်ချိုးဖောက်မှုအသစ်ထပ်မဖြစ်စေရေး နှစ်ခုကြားချိတ်ဆက်မှုများကို မြင်တွေ့နိုင်သည်။ ၎င်းကဏ္ဍများကပင် နိုင်ငံတော်က ထောက်ခံအားပေးသော လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ကြီးကြီးမားမား ပါဝင်ခဲ့သည်။ ယခုအစီရင်ခံစာအတွက် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းကိုယ်စားလှယ်တဦးက ယခုကဲ့သို့ ပြောဆိုခဲ့သည်။ "အရည်အချင်းမြှင့်တင်ခြင်းမစခင်မှာ လူစစ်တဲ့အလုပ် (Vetting) ကို စလုပ်ရမယ်။ မဟုတ်ရင် ပေးချင်တဲ့သူက တမျိုး ရတဲ့သူက တမျိုးဖြစ်သွားလိမ့်မယ်။" သို့သော် ဆန့်ကျင်ဖက်ဆွေးနွေးမှုက အခုလို အားနည်းညံ့ဖျင်းတဲ့ အင်စတီကျူးရှင်းထဲမှာပင် ပြုပြင်ပြောင်းလဲရေးအတွက် စိတ်ရှိတဲ့သူတွေကို လုပ်ရဲကိုင်ရဲလာအောင် ကူညီပေးတဲ့အနေနှင့် အခြေခံရင်းနှီးမြုပ်နှံမှု လုပ်သင့်သည်ဟုဆိုသည်။

ဖေါ်ပြပါအကြောင်းပြချက်များကြောင့် တရားရေးကဏ္ဍနှင့် လုံခြုံရေးကဏ္ဍအတွက် အရည်အချင်းဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် သင်တန်းများ၊ အလုပ်စွမ်းရည်ပြန်လည်သုံးချက်များနှင့် နိုင်ငံတကာလူ့အခွင့်အရေး စံသတ်မှတ်ချက်များနှင့်ထောက်ပံ့ပေးမှုများကို စောင့်ကြည့်ကြတ်မတ်ခြင်းများ ပါဝင်သင့်သည်။ လိင်နှင့် ကျားမအခြေခံ အကြမ်းဖက်မှုများကဲ့သို့သော ဆိုးဝါးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းရန်၊ တရားစွဲဆိုရန်အတွက် အထူးကျွမ်းကျင်မှုသည် ရဲတပ်ဖွဲ့၊ တရားရုံးရှေ့နေ၊ တရားသူကြီးများနှင့် ရှေ့နေများအတွက် လိုအပ်လိမ့်မည်ဖြစ်သည်။ သို့သော်အနာဂါတ်အတွက်သာမဟုတ် ယခင်ဖြစ်ခဲ့သည့် အမှုများအတွက်ပါ အခြေခံကျောရိုးဖြစ်လာနိုင်သည်။ အလားတူပင် ပွင့်လင်းမြင်သာမှု အားထုတ်ချက်တခု အဖြစ် ဆေးဖက်ဆိုင်ရာရာဇဝတ်မှုနှင့် ပိုင်ဆိုင်မှုနောက်ကြောင်းခံလိုက်ခြင်း ကျွမ်းကျင်မှုများသည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စီးပွားရေးရာဇဝတ်မှုအကြား ဆက်စပ်မှုကို ပီရူးနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အသုံးဝင်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။[62] တချိန်တည်းတွင် အသက်ကြီးသူတွေ အငြိမ်းစားယူလာလေ၊ အခွင့်အရေးကောင်းများ ပိုများလာလေဖြစ်သည်။ ဆိုလိုသည်မှာ ယခုအချိန်အတွက် သတင်းအချက်အလက်စု၊ ဥပဒေများပြုပြင်၊ အတတ်ပညာများစုစည်းခြင်း စသည့်လုပ်ငန်းများသည် အသုံးဝင်သည်။

61 ပွင့်လင်းမြင်သာမှုရှိသော အစိုးရဖြစ်ဖို့အတွက် ဖွံ့ဖြိုးတိုးတက်မှုအရေးဆောင်ရွက်သူများစွာနှင့် USAID သည် သတင်းလွတ်လပ်ခွင့်ဥပဒေများနှင့် အစိုးရတာဝန်ရှိသူများမှ ပိုင်ဆိုင်မှုထုတ်ဖေါ်ပြောဆိုလာရေးအတွက် စည်းရုံးလှုံ့ဆော်မှုများအတွက် ဦးစားပေး ထောက်ပံ့ပေးသည်။ United States Agency for International Development, Burma, www.usaid.gov/burma.

62 "A Complementary Relationship: Reparations and Development," Naomi Roht-Arriaza and Katharine Orlovsky Roht-Arriaza and Orlovsky, in *Transitional Justice and Development: Making Connections*, Pablo de Grieff and Roger Duthie, eds. (2009), 202, citing "The Fondo Especial de Administración de Dinero Obtenido Ilícitamente a Perjuicio del Estado (FEDEDOI) holds funds recovered from ex-president Alberto Fujimori and his officials. According to the National Human Rights Commission, it has been used for the Comprehensive Reparations Plan. Informe CCDDHH 2006, citing Proyecto de Ley 110-2006-PE" and Conference of the States Parties to the United Nations Convention against Corruption, Digest of Asset Recovery Cases (Draft), November 2013 (CAC/COSP/2013/ CRP.10), 10, para. 16

## ပြောင်းလဲလိုစိတ် စေ့ဆော်ချက်

မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးကြောင့် အာဏာပိုင်တွေအတွက် အစိုးရနှင့် ပြည်သူဆက်ဆံရေး ပိုအားကောင်း စေသည့် အခွင့်အလမ်းရှိစေနိုင်သည်။အစိုးရသည် လူ့အခွင့်အရေးကောင်စီရှေ့မှောက်တွင် ၎င်း၏ ဂုဏ်သိက္ခာပြန်လည်ရရှိရေး အားထုတ်ခဲ့သည်။ သို့သော် အထူးကိုယ်စားလှယ် ကင်တာနား၏ ၂၀၁၃ ခုနှစ် အစီရင်ခံစာကို ယခင်အကျင့်အတိုင်း လူ့အခွင့်အရေးချိုးဖောက်မှုများ တခါမှ မဖြစ်ခဲ့ဖူးဟူ၍ ငြင်းချက်ထုတ်ခဲ့ပြန်သည်။[63] နိုင်ငံတကာမှ ပြုပြင်ပြောင်းလဲရေး ဝင်ရောက်ကူညီ ဆောင်ရွက်နေသူများ အနေနှင့်လည်း လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ အခွင့်အရေးများဖြစ်သော အမှန်တရား၊ တရားမျှတမှု၊ပြန်လည်လျော်ကြေးပေးမှုနှင့် နောက်တဖန်ပြန်မဖြစ်ရေး အားပေးစေမည့် စေ့ဆော်မှုများ ဖန်တည်းပေးသင့်သည်။

နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီးနှင့် တခြား လူ့အခွင့်အရေးစာချုပ်များအောက်တွင် မကျေနပ်ချက် တိုင်ကြားခြင်း လုပ်ငန်းစဉ်များကဲ့သို့ စနစ်တကျတည်ဆောက်ပြီးသား ယန္တရားများ ရှိသော်လည်း  လူ့အခွင့်အရေးကိုလေးစား လိုက်နာသောကြောင့် ပြန်ရလာမည့် အကျိုးကျေးဇူးမက်လုံးများ၊ အတိတ်ကာလ ချိုးဖောက်မှုများအား ပြန်လည် ကုစားပေးခြင်းကြောင့် ပြန်ပေးနိုင်မည့် အကျိုးကျေးဇူး ရနိုင်မည့် လုပ်ငန်းစဉ်များ မဝေးသည့်အနာဂါတ်တွင် ရှိလာနိုင်သည်။ အသစ်ခန့်အပ်လိုက်သော အမှန်တရား၊ တရားမျှတမှု၊ ပြန်လည်လျော်ကြေးပေးခြင်းနှင့် နောက်ထပ်ပြန်မဖြစ်ရေးအာမခံချက်များမြှင့်တင်ပေးရေး ကုလသမဂ္ဂအထူးကိုယ်စားလှယ်အား ဖိတ်ကြားခြင်းအားဖြင့် အစိုးရအနေနှင့် အပြုသဘောဆောင်သော ခြေလှမ်းတခု လှမ်းနိုင်မည်ဖြစ်သည်။ အလားတူစွာပင် နိုင်ငံတကာမှ ဝင်ရောက်လုပ်ကိုင်သူများအနေနှင့်လည်း ၎င်းတို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ပုံစံရေးဆွဲချိန်နှင့် အချက်အလက်လေ့လာချိန်တွင် ဥပဒေအရကင်းလွတ်ခွင့်အား တိုက်ဖျက်ခြင်းနှင့် ကျူးလွန်ခံရသူများ၏ အခွင့်အရေးဆိုင်ရာ အခြေခံလမ်းညွှန်ချက်ပါ လုပ်ငန်းများကို လက်ခံ အသုံးပြုသင့်သည်။ လူမှုရေးနှင့် စီးပွားရေးတန်းတူမရှိမှုများအား ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်ထားချိန်တွင် ပြန်လည်လျော်ကြေးပေးခြင်း အခွင့်အလန်းများမှတဆင့် ကလေးစစ်သားနှင့် ကျားမအခြေခံ အကြမ်းဖက်မှုခံရသူများ အပါအဝင် လုံခြုံမှုကင်းမဲ့သူများအတွက် အခွင့်အလန်းများ ပေးနိုင်သည်ဟူသော စဉ်းစားချက်မျိုး ထည့်သွင်းထားသင့်သည်။

ASEAN လူ့အခွင့်အရေးထုတ်ပြန်ကြေငြာစာတမ်းပြဌာန်းပြီးနောက် ပထမဦးဆုံး ဥက္ကဌတာဝန်ယူရသော မြန်မာနိုင်ငံအဖို့  ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကြေငြာစာတမ်းပါ အခွင့်အရေးများ လက်တွေ့အသုံးချမှုနှင့်ပတ်သက်ပြီး စစ်ဆေးခံနိုင်ရမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ASEAN စီးပွားရေးအသိုင်းအဝန်းအသက်ဝင်လာမည်ဖြစ်သည်။ ထိုသို့ဖြစ်ပါက စစ်တပ်ပိုင်းစီးပွားရေးများနှင့် ၎င်းတို့စီးပွားရေးပါတနာများ၏ လုပ်ငန်းများ အတွက် မရေရာမှုများ ရှိလာနိုင်မည်။

အနာဂါတ်ကိုမျှော်ကြည့်ပါက ခေါင်းဆောင်သစ်အောက် စစ်တပ်နှင့် ထိတွေ့ဆက်ဆံရမှုသည် အသွင်ကူးပြောင်းမှု အနာဂါတ်လမ်းကြောင်းနှင့် တာဝန်ခံမှုအလားအလာနှစ်ခုစလုံးအတွက် အရေးကြီးသည်။ နောက်ကြောင်းကို ပြန်လှည့်ကြည့်ပါက တပ်မတော်သည် သူ့၏ တည်ရှိမှု၊ ထုတ်ဖေါ်ပြောဆိုခွင့်တို့ကို ထားခဲ့ပြီး အရပ်ဖက် ခေါင်းဆောင်များအဖြစ် ပြောင်းလဲခဲ့သည်။ နောက်ကြောင်းပြန်ဖို့အတွက်နည်းလမ်းက “တရားမျှတမှုအကြောင်း ဆွေးနွေးခြင်း” နှင့် ဖြစ်သွားနိုင်သည်။ အင်စတီကျူးရှင်းနှင့် တဦးချင်း၏ ဂုဏ်သိက္ခာအား ပြန်လည်ထူထောင်ခြင်းအပါအဝင် ယခုလုပ်ငန်းစဉ်မှ ရရှိမှု အကျိုးကျေးဇူးမျာကို လက်နက်ကိုင်တပ်ဖွဲ့များက မြင်လာရန် လိုအပ်သည်။

သင်တန်းများ၊ ပြန်လည်ပြုစုပျိုးထောင်ခြင်းများ၊ အရင်းအမြစ်/အခြေခံအဆောက်အဦ ထောက်ပံ့မှုများပေးခြင်းနှင့် တချို့ အစီအစဉ်များကို ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအောက်မှတဆင့် သို့မဟုတ် တခြား တရားရေးဌာန၊ ရဲတပ်ဖွဲ့၊ လုံခြုံရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များအောက်မှတဆင့် (လာဘ်ပေးလာဘ်ယူမှု တုန့်ပြန်ဆောင်ရွက်ခြင်းအစီအစဉ်အပါအဝင်) ဆောင်ရွက်ပေးခြင်းအားဖြင့် လူ့အခွင့်အရေး သင်တန်းများသာမက ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုအတွက် တာဝန်ရှိသူများကို ပြန်လည် သုံး

63 Myanmar's second Universal Periodic Review will take place in 2015. See the official response to the Special Rapporteur's report at UN Document A/HRC/22/58/Add1, 6 March 2013.

သပ်ခြင်း၊ ဖယ်ရှားခြင်းများကိုပါ ဆက်စပ်သင်ကြားနိုင်သည်။ ၂၀၁၄ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အထူးကိုယ်စားလှယ်တော် ဗီဂျေးနမ်ဗီးယားက ကာကွယ်ရေးဦးစီး ချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံ၍ ယူအန်ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်အတွက် မြန်မာနိုင်ငံမှ ပါဝင်လိုကြောင်း ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ယူအန်ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဌာနမှ မြန်မာနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို အဖွဲ့ဝင်နိုင်ငံများ လုပ်ထုံးလုပ်နည်းနှင့်အညီ စဉ်းစားပေးမည်ဟု ပြောဆိုခဲ့သည်။[64] နိုင်ငံတကာအသိုင်းအဝန်းနှင့်ပိုမို ပြည့်ပြည့်ဝဝ ထိတွေ့ချင်သော မြန်မာအစိုးရ၏ ဆန္ဒနှင့် အတူ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုစိုးရိမ်ချက်များ ပြသရန် အခွင့်အလမ်းတခု ဖြစ်လာနိုင်သည်။ မိမိတိုင်းပြည်အတွင်း တဦးချင်းအလိုက် လူ့အခွင့်အရေးမှတ်တမ်းများ ကောက်ယူခြင်းကြောင့်လည်း ကြီးမားသော တိုးတက်မှုများဖြစ်နိုင်သည်ကို တွေ့ရသည်။ နီပေါနိုင်ငံ ထိပ်တန်းအရာရှိတချို့နှင့် ဖီဂျီစစ်တပ် အရာရှိတချို့အကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အလားတူစွာပင် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များအား နိုင်ငံရေးလှုပ်ရှားသူများ သို့မဟုတ် ဒေသတွင်း လုံခြုံရေးတပ်ဖွဲ့များတွင် ထည့်သွင်းပြောင်းလဲခြင်း သို့မဟုတ် အစိုးရဌာနများတွင် ထည့်သွင်းခြင်းဖြင့် အလားတူဖြစ်ရပ်မျိုး ဖြစ်လာနိုင်သည်။ အောက်ခြေလူထု၏ ထောက်ခံမှုနှင့် တရားဝင်မှုရထားသောလက်နက်ကိုင်အဖွဲ့များသည်ပင် အတိတ်ကာလချိုးဖောက်မှုဆွေးနွေးမှုများ စတင်သည်နှင့်တပြိုင်နက် စစ်ဆေးမှုခံရနိုင်သည်။

## တစစ တုန့်ပြန်ပြောင်းလဲမှုများအတွက် နေရာချန်ထားခြင်း

မရေရာသောအသွင်ကူးပြောင်းမှုအောက်တွင် လူ့အခွင့်အရေးချိုးဖောက်များအတွက် တာဝန်ရှိသူများက အာဏာလက်ဝယ်ရှိနေသည့် အချိန်တွင် အတိတ်ကာလချိုးဖောက်မှုများအတွက် ထည့်သွင်းစဉ်းစားချက်အားလုံးတွင် အခြေအနေကိုကြည့်၍ အကဲဖြတ်ခြင်းနှင့် ပဋိပက္ခဖြစ်နိုင်ချေများ ထည့်သွင်းစဉ်းစားခြင်း နည်းလမ်းများ ပါဝင်ရမည်ဟူသောအချက်ကို နားလည်နိုင်သည်။ စစ်မှန်သော မြန်မာ့နည်းမြန်မာ့ဟန် ချည်းကပ်မှုသည်  တောင်အာဖရိက သို့မဟုတ် အင်ဒိုနီးရှားပုံတူနှင့် ထပ်တူမဖြစ်နိုင်ပေ။ မတူကွဲပြားသော သမိုင်းနောက်ခံ၊ လူမျိုးစုံ ဒေသစုံသော တိုင်းပြည်တပြည်အတွက် တခုတည်းသော အမျိုးသားရေးလုပ်ငန်း ဘောင်နှင့်ပင် အဆင်မပြေနိုင်ဟု ယူဆနိုင်သည်။ ပြုပြင်ပြောင်းလဲရေးအတွက် အထောက်အပံ့များအား တစတစ တုန့်ပြန် ဖြစ်ထွန်းမှုများအတွက် နေရာချန်လှပ်ထားသင့်သည်။

အောက်ခြေပြည်သူများက တရားမျှတမှုကိုရေရှည်နှင့် ရေတို အိုးအိမ်မဲ့မှု၊ မြေယာပိုင်ဆိုင်ခွင့်စနစ် အားနည်းမှု၊ ဘာသာစကား အသုံးပြုမှု၊ စီးပွားရေးအရ လွတ်လပ်မှုနှင့် တိုင်းရင်းသားဒေသများတွင် ဖြစ်ပျက်နေပုံကို ဗမာလူများစုသိစေချင်သည် စသည့် ကိစ္စရပ်များဖြစ်နိုင်သည်။[65] ကျူးလွန်ခံရသူများသည် တရားမျှတမှုအတွက် ၎င်းတို့၏ ဆန္ဒကို စတင်ထုတ်ဖော်ပြနိုင်သည်ဟူသော အချက်ကို ပါဝင်ဆောင်ရွက်သူတိုင်းက အသိအမှတ်ပြုထားရန် အရေးကြီးသည်။ တစရပ်ခြိမ်းခြောက်နိုင်သော “နိုင်ငံရေး” လုံးဝမပါပဲ လူတဦးတယောက်၏ နိစ္စဓူဝ သာမန်အကြောင်းအရာများလည်း ဖြစ်နေနိုင်သည်။

စစ်အုပ်ချုပ်မှုအောက် လူ့အခွင့်အရေးအမွေအနှစ်နှင့်ပတ်သက်ပြီး ပြည်သူလူထု ဆွေးနွေးမှု၊ ရေးသားမှုများ ပိုများလာသည်နှင့်အတူ ပြည်တွင်း၊ ပြည်ပ မူဝါဒရေးဆွဲသူများသည် လူထုအကြားပြောဆိုနေသည့်အရာများနှင့် လူထုဆွေးနွေးမှုများ မည်သို့ ကျယ်ပြန့်လာသည်ကို အလေးထားကြည့်ရန် အရေးကြီးသည်။ ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ အသစ်အဟောင်း နိုင်ငံရေးခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် ၎င်းတို့မဲဆန္ဒရှင်များကို မည်သို့ မေတ္တာရပ်ခံမည်၊ မည်သို့ပုံဖော်မည်က အရေးကြီးသည်။

64 “Myanmar Rights Post Set for Yanghee Lee, As UN Invites Peacekeepers,” *Inner City Press*, March 4, 2014.

65 Although South Africa is often referred to as the example par excellence in this regard, the truth commissions in Peru and Guatemala, or recent transitional justice efforts in Colombia, may offer more relevant practice for Myanmar, as those countries’ conflicts took place largely outside urban centers and impacted significantly on indigenous minority communities. Many indigenous victims have testified to the importance of having the majority community know and recognize what they suffered, and that the armed conflict was a continuation of a “permanent state of war” against attacks on land, culture, language, and political self-determination. See www.ictj.org/news/transitional-justice-and-struggle-indigenous-rights

မည်သည့်လမ်းစဉ်ကို ကိုင်စွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ကြမည်၊ အောက်ခြေ၏ အမြင်ကို မည်သို့ ကိုယ်စားပြုမည် စသည့်အရာများက သူတို့အတွက် အရေးကြီးသည်။ အလားတူစွာပင် လူထုအခြေပြုအဖွဲ့အစည်းများ၊ မီဒီယာနှင့် စီးပွားရေးခေါင်းဆောင်များအနေနှင့်လည်း မြန်မာနိုင်ငံ၏ အတိတ်ကာလကို ပြန်လည်ပုံဖော်ထုဆစ်နိုင်မည့် အခွင့်အလမ်းကောင်း တခုဖြစ်သည်။ အောက်ခြေလူထု၏ ဘာသာရေးအသိ သို့မဟုတ် မိရိုးဖလာထုံးတမ်းတို့ကို အခြေခံသော လူထုအခြေပြု အမှန်တရားထုဖော်ပြောဆိုပွဲများ၊ ပဋိပက္ခဖြေရှင်းမှုများသည် လက်ရှိအသုံးပြုပြီးသားဖြစ်လိမ့်မည်။ ထိုအရာတွေကို စနစ်တကျလေ့လာ၍ မည်သို့ အသုံးချနိုင်မည်ကို လေ့လာထားသင့်သည်။ ပြင်ပအထောက်အပံ့အတွက် စိန်ခေါ်ချက်သည် ကြည့်ရမည့်နေရာ၊ နားထောင်ရမည့်နေရာကို မဖြစ်မနေသိရမည့်အပြင် ရလဒ်အများဆုံးရအောင်လည်း မည်သို့ လုပ်ဆောင်ရမည်ကို မဖြစ်မနေသိရမည် ဖြစ်သည်။

## ၇။ နိဂုံးချုပ်ချက်များ

နိုင်ငံရေးနှင့်လူမှုရေးမြန်မြန်ဆန်ဆန်ပြောင်းလဲနေသော မြန်မာနိုင်ငံ ယနေ့ကာလတွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ နိုင်ငံရေး ခေါင်းဆောင်များသည် တာဝန်ခံမှုနှင့် ပြန်မဖြစ်ရေးလုပ်ငန်းများကို ဦးစားပေးအဖြစ် ထည့်သွင်းခြင်းမရှိသေးပေ။ အတိတ်ကာလအား ရင်ဆိုင်ဖြေရှင်းရန် ဆန္ဒ သို့မဟုတ် မဟာဗျူဟာ မရှိသေးသော်ငြား လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများ၊ ပဋိပက္ခသတ်ရောက်မှု လူမှုအသိုင်းအဝန်းများနှင့် မြေယာမဲ့လယ်သမားများအပါအဝင် တိုင်းပြည်၏ ကဏ္ဍအစုံမှ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်ပတ်သက်သော မကျေနပ်ချက်များ ပေါ်ထွက်လာနေသည်။ “အတိတ်ကို အတိတ်မှာသာ ထားခဲ့ပါ” ဟူသော အကြံပြုချက်သည် မှားယွင်းသော အယူအဆဖြစ်ပြီး ယခင်စစ်အစိုးရနှင့် ယခုပြုပြင်ပြောင်းလဲရေးအစိုးရအကြား မတူညီမှုကို စည်းခြား ပြခြင်းပင်ဖြစ်သည်။ မြေသိမ်းခံရသော မြေယာမဲ့ လယ်သမားများအတွက် ယခုအချိန်အထိ  ၎င်းတို့ပိုင်မြေမရှိသေးပါ။ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသော၊ နိုင်ငံရေးအရ အကျဉ်းကျခံခဲ့ရသောအသက်ရှင်ကျန်ရစ်သူများအတွက် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများသည် ပို၍ ဆိုးဝါးလာနေသည်။ ခြုံကြည့်ပါက ယခင်စစ်အစိုးရသည် တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးအတိုက်အခံများကို ကျူးလွန်ခဲ့သော ရက်စက်မှုများကြောင့် ထိုသူများတွင် ယခင်က အစိုးရအပေါ် ယုံကြည်ခဲ့မှုများ ပျက်ဆီးသွားခဲ့ပြီ ဖြစ်သည်။

ယခုအချိန်နှင့် ၂၀၁၅ ရွေးကောက်ပွဲကာလအကြား မြန်မာအစိုးရသည် ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်သယ်ပိုးရန် စိန်ခေါ်ချက်များစွာ ရင်ဆိုင်နေရသည့်တချိန်တည်းတွင် ပြုပြင်ပြောင်းလဲရေးကို အနှောင့်အယှက်ဖြစ်စေမည့် လက်ငင်းပြဿနာများကိုလည်း ရင်ဆိုင်နေရသည်။ ဤစိန်ခေါ်ချက်အားလုံး၏ ဗဟိုချက်သည် ပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေး အားထုတ်ချက်များသည် မှန်ကန်ရိုးသားမှုအပေါ် မကောင်းမှုအမြင်များကို ဖယ်ရှားပစ်ရန်လိုအပ်သည်။ အပစ်ရပ်စဲရေး သဘောတူညီချက်များမှ အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲတခုဖြစ်လာစေဖို့ ပြောင်းလဲဖို့ အစိုးရက အားထုတ်နေချိန်တွင် ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက် ရင်ဆိုင်နေရသည်။ ၂၀၁၁ ခုနှစ်မှစ၍ မြေယာသိမ်းဆည်းမှုများအပေါ် မကျေနပ်ချက်များ ပိုတိုးများလာသည်။ မွတ်ဆလင်အကြမ်းဖက်မှုများပိုများလာသဖြင့်တိုင်းပြည်နေရာတော်တော်များများတွင် မလုံခြုံမှုများ၊ ကြောက်ရွံ့မှုများ ဖြစ်လာစေသည်။ လက်ရှိပဋိပက္ခများကို ဖြေရှင်းခြင်းတွင် ၎င်းတို့၏ မူရင်းဇစ်မြစ်ဖြစ်သော အတိတ်ကာလကို ရင်ဆိုင်မှုလည်း ပါဝင်ရမည်။

ယခုကဲ့သို့ မတည်ငြိမ်သော ကာလအတွင်း အစိုးရသည် ယခင်စစ်အစိုးရနှင့် မတူကွဲပြားမှုကို ပြနိုင်သည့် အခွင့်အလမ်းရှိသည်။ လုံခြုံရေးနှင့် အသက်မွေးဝမ်းကြောင်း စိုးရိမ်ချက်များသည် လူထုအများစုအတွက် ဦးစားပေးဖြစ်သည်။ ပြုပြင်ပြောင်းရေး အာဂျင်တာတွင် အသွင်ကူးပြောင်းရေးချည်းကပ်မှုများ ထည့်သွင်းခြင်းဖြင့် စီးပွားရေး၊ တရားရေး လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများအတွက် အားကောင်းလာစေမည် ဖြစ်သည်။ အတိတ်ကာလလူ့အခွင့်အရေးချိုးဖောက်မှု မကျေနပ်ချက်များကို ဖြေရှင်းခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုများအရှည်တည်တန့်စေမည်ဖြစ်သောကြောင့် အသက်မွေးဝမ်းမှုများ တိုးတက်လာနိုင်သည်ဟု WDR 2011 အစီရင်ခံစာတွင် ဖော်ပြထားသည်။ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုကိစ္စသည် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ပဋိပက္ခဖြစ်စေနိုင်သော အရာမဟုတ်ပေ။ “ပထမဦးဆုံးက သတ်ဖြတ်တာတွေ ရပ်ပစ်ရမယ်။ ဒါပေမယ့် တရားမျှတမှု မရှိဘူးဆိုရင် လူထုအနေနဲ့ သူတို့ရဲ့ မကျေနပ်ချက်ကို ဖြေရှင်းပေးခဲ့တယ်လို့ ခံစားရမှာမဟုတ်ဘူး။ ဒါဆိုရင် ပြန်လည်ရင်ကြားစေ့ဖို့အတွက် အလွန့်ကိုခက်ခဲသွားမှာ

ဖြစ်တယ်။”[66]

အလှူရှင်နှင့် နိုင်ငံတကာ အကြံပေးများအနေနှင့် ကျူးလွန်ခံရသူများ၏ အခွင့်အရေးနှင့်  ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ သဘောတူစာချုပ်များတွင် အသိအမှတ်ပြုထားသော ၎င်းတို့အခွင့်အရေးများကို ကာကွယ်ပေး ရန် တာဝန်ကို ၎င်းတို့မူဝါဒများတွင် ကတိကဝတ်ပြုပြီးဖြစ်သည်။ ၎င်းတန်ဘိုးထားမှုများကို မြန်မာနိုင်ငံလက်တွေ့ဖော်ဆောင်မှုတွင် ဦးစားပေးလုပ်ငန်းများအဖြစ် ပြောင်းလဲရာတွင် ဒေသအခင်းအကျင်းနှင့်ကိုက်ညီအောင် ပြင်ဆင်ခြင်း၊ မူဝါဒ၏ သက်ရောက်မှုခံရနိုင်သည့် လူထုနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် လက်နက်ကိုင် ပဋိပက္ခမှ ထွက်ပေါ်လာသော လူမှုအသိုင်းအဝန်းအတွက် တရားမျှတမှုတောင်းဆိုချက်များသည် အချိန်တခု စောင့်ရန် လိုအပ်ကြောင်းကို နားလည်လက်ခံရန် လိုအပ်သည်။ ရည်ရှည်ခံငြိမ်းချမ်းရေးနှင့် တာရှည်ခံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဥ်ဖြစ်ဖို့အတွက် ၎င်းတောင်းဆိုချက်တွေကို ဖြေရှင်းခြင်းအပေါ် မူတည်သည်။

66 “Peace versus Justice: A False Dilemma,” (video) ICTJ, May 2011.

# အကြံပြုချက်များ

*ဖွံ့ဖြိုးတိုးတက်မှု၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ဆက်စပ်သော တခြားကဏ္ဍများတွင် ဝင်ရောက်ဆောင်ရွက်နေသော အလှူရှင်များ၊ မူဝါဒချမှတ်သူများအတွက် အကြံပြုချက်များဖြစ်သည်။*

## ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအစီအစဉ်များတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုအား ထည့်သွင်းခြင်း

- အကြမ်းဖက်မှုသံသယကို ဖြိုခွင်းရာတွင် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသည် အလွန်ထိရောက်သော နည်းလမ်းဖြစ်သည်ဟု WDR 2011 အစီရင်ခံစာ၏ လမ်းညွှန်ချက်ကို အသုံးပြုရန်။
- ဥပဒေအရကင်းလွတ်ခွင့် တိုက်ဖျက်ခြင်းဖြင့် လူ့အခွင့်အရေးအား မြှင့်တင်၊ ကာကွယ်ပေးခြင်း နောက်ဆုံးအခြေခံစည်းမျဉ်းများတွင် ချိုးဖောက်ခံရသူများ၏ ကုစားခံခွင့်အခွင့်အရေးအား ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် ရေးဆွဲခြင်းနှင့် အထောက်အပံ့ပေးမှု လေ့လာချက်တွင် ထည့်သွင်းအသုံးပြုရန်
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသူများအား အတိတ်ကာလကိုဖြေရှင်းနိုင်မည့်နည်းလမ်းများအကြံပေးခြင်း၊ နည်းပညာ အကူအညီပေးခြင်းတို့ ပြုလုပ်ရန် တွန်းအားပေးခြင်း။
- ဆိုးဝါးသောရာဇဝတ်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးသော မည်သည့်ငြိမ်းချမ်းရေးစာချုပ်ကိုမဆို ထောက်ပံ့မှု မပြုလုပ်ရန်။

## သုတေသန

- အခြေအနေပြ လေ့လာခြင်းနှင့် စစ်တမ်းကောက်ယူခြင်းတွင် ဥပဒေအရကင်းလွတ်ခွင့်ရနေခြင်းနှင့် တရားမျှတမှုအပေါ် လူထုအမြင်များကို ကိန်းညွှန်းအဖြစ် ထည့်သွင်းအသုံးပြုရန်။
- မတရားမှုများအပေါ် လူမှုအသိုင်းအဝန်း၏ မကျေနပ်ချက်နှင့် ထင်မြင်ချက်အပေါ် အချက်အလက်ကောက်ယူခြင်း၊ သုံးသပ်ခြင်းနှင့် လူမှုအသိုင်းအဝန်းဖွံ့ဖြိုးမှုပရောဂျက်များအပေါ် မည်သို့ သက်ရောက်မှုရှိနိုင်သည်ကို သုံးသပ်ရန်။
- ကာလရှည်ကြာတည်ရှိနေသော လူ့အခွင့်အရေးချိုးဖောက်မှု အမွေအနှစ်အတွက် ဖြစ်နိုင်ချေကုစားမှုများအကြောင်း သုတေသနပြုမှုများကို ထောက်ပံ့ရန်။
- လက်ရှိ အောက်ခြေပြည်သူများအသုံးပြုသော တရားရေးစနစ်အပါအဝင် အမှန်တရားထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် ပဋိပက္ခအဖြေထုတ်ခြင်း လူထုအသုံးပြုမှု ပုံစံများကိုလေ့လာသော၊ မှတ်တမ်းတင်သောလုပ်ငန်းများကို ထောက်ပံ့ရန်။

## စွမ်းရည်တည်ဆောက်ခြင်း

- သင်တန်း၊ အလုပ်စွမ်းရည် ပြန်လည်သုံးသပ်ခြင်းနှင့် တရားရေးနှင့် လုံခြုံရေးကဏ္ဍများနှင့်ဆက်နွယ်သော ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အားလုံးတွင် ကြီးကြပ်သောလုပ်ငန်းယန္တရားပါဝင်ရန်။
- လိင်နှင့် ကျားမအခြေခံ အကြမ်းဖက်မှုများကဲ့သို့သော ဆိုးဝါးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းရန်၊ တရားစွဲဆိုနိုင်ရန် ရဲတပ်ဖွဲ့၊ တရားရုံးရှေ့နေ၊ တရားသူကြီးများနှင့် ရှေ့နေများအတွက် အထူးကျွမ်းကျင်မှုတပ်ဆင်ပေးခြင်း ပါဝင်ရန်။
- စစ်တပ် အချင်းချင်းထိတွေ့ဆက်ဆံမှုနှင့် နည်းပညာအကူအညီပေးရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း လူသိရှင်ကြားအသိအမှတ်ပြုရန်နှင့် စစ်တပ်အပေါ် အကျိုးဝင်သော တရားရေးနှင့် တာဝန်ခံမှုစနစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးရန်။
- ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များ သို့မဟုတ် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် သင်တန်း၊ ပြန်လည်ပြုစုပျိုးထောင်ခြင်း သို့မဟုတ် အရင်းအမြစ်နှင့် အခြေခံအဆောက်အဦ အထောက်အပံ့ပေးရာတွင် အဆိုးဝါးဆုံး လူ့အခွင့်အရေးချိုးဖောက်မှုတွင် တာဝန်ရှိသူများအား ပြန်လည်သုံးသပ်ရန်နှင့် ဖယ်ရှားပစ်ရေး တောင်းဆိုခြင်း။

## ပြောင်းလဲလိုစိတ် စေ့ဆော်ချက်များ

- လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ အမှန်တရား၊ တရားမျှတမှု၊ ပြန်လည်လျော်ကြေးရယူခြင်းနှင့် နောက်တကြိမ်ထပ်မဖြစ်စေရေးအတွက် အာမခံချက်များ ရယူခွင့်အခွင့်အရေးများကို ထောက်ခံအားပေးသော ဖွံ့ဖြိုးတိုးတက်မှု၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ရေးလုပ်ငန်းများအတွက် အထောက်အပံ့များရှိလာစေရန် စေ့ဆော်မှုပေးခြင်း။
- လူမှုရေးနှင့် စီးပွားရေးတန်းတူမရှိမှုများအား ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်ထားချိန်တွင် ကလေးစစ်သားနှင့် ကျားမအခြေခံအကြမ်းဖက်မှုခံရသူများအပါအဝင် လုံခြုံမှုကင်းမဲ့သူများအတွက် အထောက်အကူဖြစ်စေသော ပြန်လည်လျော်ကြေးပေးခြင်း အစီအစဉ်များအား အားပေးခြင်း။

## တစစတုန့်ပြန်ပြောင်းလဲမှုများအတွက် နေရာချန်ထားခြင်း

- အတိတ်ကာလစစ်အုပ်ချုပ်အကြောင်း လူထုပြောဆိုဆွေးနွေးမှုများ ပြောင်းလဲလာခြင်းအား အသိအမှတ်ပြု၍ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအတွက် လိုအပ်သော အစီအစဉ်များ ထွက်လာမည်ဟု မျှော်လင့်ထားရန်။
- အောက်ခြေလူထု၏ ဘာသာရေးအသိ သို့မဟုတ် မိရိုးဖလာထုံးတမ်းတို့ကို အခြေခံသော လူထုအခြေပြု အမှန်တရားထုတ်ဖော်ပြောဆိုပွဲများ၊ ပဋိပက္ခဖြေရှင်းမှုများသည် ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် မည်သို့အသုံးပြုနိုင်သည်ကို ဖော်ထုတ်ရန်။

ICTJ

Justice
Truth
Dignity

ICTJ New York
5 Hanover Square, 24th Fl.
New York, NY 10004
Tel +1 917 637 3800
Fax +1 917 637 3900
www.ictj.org